# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက် ၊ တနင်္ဂနွေနေ့ ၊ (3-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပါဝင်ဆင်နွှဲ



**နေပြည်တော် ဒီဇင်ဘာ ၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှ အစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားစေရေး အတွက်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်စုစုပေါင်း ဦးရေ ၄၀၀၀ ခန့် ပျော်ပျော်ရွှင်ရွှင်ဖြင့် စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲကြသည်။

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး**

စာမျက်နှာ - ၂၀



**ရန်ကုန်-ဒလမြစ်ကူးတံတားကို ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်နေ**

စာမျက်နှာ - ၃၀

**ရွှေသောင်ယံကမ်းခြေသို့ နိုဝင်ဘာလအတွင်း ခရီးသွားဦးရေ ၂၇၅၅၀ ထိ လာရောက်လည်ပတ်**

စာမျက်နှာ - ၂၉




ရတနာပုံ
၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# မသန်သော်လည်း စွမ်းဆောင်နိုင်သူများအဖြစ်သို့ ကြိုးပမ်း

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ကျင်းပသော (၄၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် အတည်ပြုသတ်မှတ်ထားပြီး ယခုနှစ် ဆောင်ပုဒ်မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"ဟူ၍ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းဝင် လူသားများဖြစ်ပြီး တန်ဖိုးရှိသော နိုင်ငံသားများပင်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံတော်လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများဖြစ်ကြပါသည်။ ဤမျှများပြားလှသော မသန်စွမ်းလူဦးရေအရ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးဝင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ဆောင်ရွက်နိုင်ရပါမည်။

နိုင်ငံတော်အစိုးရက မသန်စွမ်းသူများ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ သင်ကြားနိုင်ရန် ကျောင်းများဖွင့်လှစ်ထားပြီး အမြင်အာရုံ မသန်စွမ်းသူများအတွက် လက်စမ်းစာ၊ အကြားအာရုံမသန်စွမ်းသူများအတွက် သင်္ကေတစာများဖြင့် စာပေပညာများကို သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့ပြင် အဆို၊ အတီး၊ အမှုတ်ပညာများကိုလည်း စနစ်တကျသင်ကြားပေးနိုင်ရာ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများနှင့် အခြားအနုပညာပြိုင်ပွဲများတွင် မသန်စွမ်းသူများ ပါဝင်ယှဉ်ပြိုင်၍ ဆုတံဆိပ်များ ဆွတ်ခူးနိုင်သည့် စွမ်းဆောင်နိုင်မှုကိုလည်း ဂုဏ်ယူစွာ တွေ့မြင်နေရသည်။ မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများအဖြစ် အထင်အရှားသက်သေပြနိုင်မှုမှာ ၂၀၁၂ ခုနှစ် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်းဆုတံဆိပ် ၄၃ ခုရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် (၆)နေရာမှ နိုင်ငံဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးမှုမှာလည်း လေးစားဂုဏ်ယူဖွယ်ရာ သက်သေတစ်ခုပင်ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်မှုရာခိုင်နှုန်းသည်လည်း ကမ္ဘာ့လူဦးရေနည်းတူ မြင့်တက်လျက်ရှိပါသည်။ မသန်စွမ်းသူများသည် လူသားများပင်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုများ မြင့်မားလာစေရန် အားပေးမြှင့်တင်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ မသန်စွမ်းသူများကို နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စသည့်နယ်ပယ်အသီးသီးတွင် တတ်စွမ်းသရွေ့ပါဝင်လှုပ်ရှားနိုင်ရေး၊ တန်းတူခံစားနိုင်ရေး လက်တွဲညီညီ ဆောင်ရွက်ဖော်ဆောင်ပေးရပါမည်။ မသန်စွမ်းသူများအနေဖြင့်လည်း အနာဂတ်ကမ္ဘာကြီး ပိုမိုကောင်းမွန်အောင်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အများနှင့်လက်တွဲ၍ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ကျရာတာဝန်အသီးသီးကို မသန်သော်လည်း စွမ်းဆောင်နိုင်သူများအဖြစ် ကြိုးပမ်းဖော်ဆောင်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက် ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၁၁၈၁၃ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီးလေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်သူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုကြတာကို တွေ့ရပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၀၂၂ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၁၀၉၅၆၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိ ရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၂၂၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ နိုဝင်ဘာလတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၁ စီးထိရှိခဲ့

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ နိုဝင်ဘာလတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၁ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြားမြို့များသို့ နိုဝင်ဘာလတွင် ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ဆား၊ ထုံး၊ ကျောက်စရစ် စသည့်ကုန်စည်များ တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၁၁ စီးထိ ရှိခဲ့ကြောင်း သိရသည်။

"အခုက ကုန်စည်ရရှိမှုကလဲ တော်တော်လေး ကောင်းပါတယ်။ မန္တလေးဆိပ်ကမ်းကနေ အများဆုံး တင်ပို့ရတဲ့ ကုန်စည်တွေကတော့ ဘိလပ်မြေ၊ တင်လဲရည်နဲ့သကြား တို့ဖြစ်ပါတယ်"ဟု ဒေါ်တင်တင် ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်နှင့်အခြား မြို့များသို့ နိုဝင်ဘာလတွင်တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၆၇၀၄၉ ဒသမ ၈၁ တန်၊ ကျောက်မီးသွေးတန်ချိန် ၃၇၀၀၊ ပြောင်းဆန် ၆၅၅၈ ဒသမ ၉၅ တန်၊ ကျောက်စရစ်ကျင်း ၄၄၁၅ ကျင်း၊ ဆား တန်ချိန် ၃၆၀၊ တင်လဲရည် ၂၂၃၄ ဒသမ ၉၁ တန်၊ သကြား တန်ချိန် ၁၁၀၀၊ ထုံး ၁၀၄၇ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ တင်ပို့ရမည့်ကုန်စည် များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကိုသတ်မှတ်တန်ချိန်ထက်ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန်လိုအပ်ကြောင်း၊ ရေယာဉ်၏ အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကိုတင်ဆောင်၍ မြစ်အတွင်း သွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့်ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြု သွားလာကြရန်လည်း လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးအတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တရုတ်ကြက်သွန်ဖြူများ နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ကြက်သွန်ဖြူများသည် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ယခုလက်ရှိ ကြက်သွန်ဖြူ ဈေးနှုန်းများမှာ တစ်ပိဿာလျှင်ငွေကျပ် ၁၂၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းကို တရုတ်ကြက်သွန်ဖြူတွေ နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ပြည်တွင်းကထွက်တဲ့ တရုတ်ကြက်သွန်ဖြူက ဝင်ရောက်မှုတွေနည်းသွားပါတယ်။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အသင့်အတင့် ရောင်းအားကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ကြက်သွန်ဖြူများကို တရုတ်နိုင်ငံမှတင်သွင်းသည့်အပြင် ပြည်တွင်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမ်းမြို့နယ် ကျမောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမ်း ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အောက်ရွာကျေးရွာအုပ်စု ကျမောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျမောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစီစစ်ပေးရန်နှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

ကျမောင်းကျေးရွာ၌ အရှည် ပေ ၄၉၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၉ ဒသမ ၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် သုခမွှမ(?)ထိဓာတာမရေ ဦးရိုးလင်း-ဒေါ်အေးအေးကြိုင်(ရိုးမဟာကုမ္ပဏီလီမိတက်)မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀၊ ကျောက်ကပ်ဌာနအတွက် အလှူငွေကျပ် ၃၀၀၀၀၀ စုစုပေါင်းငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ စီမံခန့်ခွဲရေးဖဟိုကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်းနှင့် ဆပ်ကော်မတီအသီးသီးတာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧကကို ဒီဇင်ဘာလ ဒုတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါ ဖူးစားပြောင်း ၂၇၆၇ ဧကကို ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြှောင်တောင်ပိုးမကျရောက်စေရန်၊ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းပြောင်းများဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ ဆောင်းသီးနှံတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို ကြိုတင်လုပ်ဆောင်ပေးထားပါတယ်။ ငပုတောမြို့နယ်မှာ ဒီနှစ် ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အထွက်ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ မနှစ်ကထက် အထွက်နှုန်းကောင်းဖို့၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကိုလဲ စနစ်တကျဆောင်ရွက်ပေးနေပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ် လုပ်ဆောင်နေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်မှ တောင်သူများသည် မိုးစပါး၊ နွေစပါးအပြင် ရာသီပေါ်သီးနှံနှင့် ဖူးစားပြောင်းများကိုလည်း ယှဉ်တွဲပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးသွားမည့် ဖူးစားပြောင်း ၂၇၆၇ ဧကကို ကျေးရွာ ၁၈ ရွာမှ ဒေသခံတောင်သူများက အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း၊**

# မလှိုင်မြို့နယ် မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘွက်ငယ်ကျေးရွာအုပ်စု မြေခြားကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၁ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်နိုး(မလှိုင်)**

# မင်းဘူးမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး


**မင်းဘူး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်းကျိုးကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ခင်မာ**



# မိသားစုစီးပွားရေးလုပ်ငန်းငယ်များအောင်မြင်ရေး

မျိုးသူ(ကုန်သွယ်မြှင့်)

မိသားစုစီးပွားရေးလုပ်ငန်းငယ်များ အောင်မြင်ရေးသည် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်။ စီးပွားရေးအောင်မြင်ရေးအတွက် အဓိကမှာ စိတ်ထားတတ်ရေးပင်ဖြစ်သည်ဟု ဆိုချင်သည်။ ဆိုလိုသည်မှာ စိတ်ပိုင်းဆိုင်ရာတွင် လုပ်ငန်းသဘာဝများကို ပြတ်သားစွာဆုံးဖြတ်ရန်ခက်ခဲခြင်းပင်ဖြစ်သည်။ မိသားစုဝင်များဖြစ်သဖြင့် အလုပ်သမားနှင့် ဝန်ထမ်းများကဲ့သို့ "သူတို့"ဟုသတ်မှတ်၍မရဘဲ "ငါတို့"ဟု ဖြစ်နေခြင်းကပင် အခက်အခဲတစ်ခုဖြစ်သည်။ ထို့ပြင် "တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိသည်၊ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိ"ဆိုရိုးစကားကဲ့သို့ပင် မိသားစုလုပ်ငန်းတွင် ပါဝင်နေသော သားသမီးများက အမှားအယွင်းများကို လုပ်ငန်းအတွင်း လုပ်ကိုင်မိသည့်အခါတွင် အပြစ်ပေးရန်ခက်ခဲတတ်ပြီး အလုပ်ထုတ်ပစ်ရန်လည်း ခက်ခဲတတ်သည်။

ထို့ကြောင့် မိသားစုဝင်စီးပွားရေးလုပ်ငန်းငယ်များအဖို့ အောင်မြင်မှုအတွက်စီမံခန့်ခွဲရခြင်းသည် စိန်ခေါ်မှုတစ်ခုကို ကျော်လွှားရခြင်းနှင့် တူနေတတ်သည်။ စီးပွားရေးလုပ်ငန်းငယ်များသည် ကိုယ်ပိုင် Sole Proprietorship များဖြစ်ကြသဖြင့် ပိုင်ရှင်တစ်ဦးတည်းဖြစ်နေတတ်သည်။ သို့ရာတွင် ငွေကိုင်များ၊ စာရင်းကိုင်များနှင့် အလုပ်သမားများမှာ ဇနီး၊ ခင်ပွန်း၊ သားသမီးများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများဖြစ်တတ်ကြသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုကို မိသားစုဝင်များ၏ ငွေကြေးဖြင့် ထည့်ဝင်ရခြင်းဖြစ်သဖြင့် အရင်းအနှီး၊ လူသားအရင်းအမြစ်၊ ကုန်ပစ္စည်းများနှင့် လုပ်အားများသည် မိသားစုပိုင်ဖြစ်နေပြီး အားလုံးနှင့် သက်ဆိုင်နေသည်။ ထိုသို့အခြေအနေမျိုးတွင် မည်သို့အောင်မြင်အောင်ဆောင်ရွက်ကြမည်နည်းဟု တွေးကြည့်မိသည်။

နိုင်ငံတကာစီးပွားရေးနယ်ပယ်ကို ကြည့်လျှင် အချို့သော အောင်မြင်သည့်စီးပွားရေးလုပ်ငန်းများသည် မိသားစုပိုင်ဖြစ်ပြီး ၃၁ ရာခိုင်နှုန်းခန့်သည် ဒုတိယမျိုးဆက်များဖြစ်ကာ ၁၀ ရာခိုင်နှုန်းကျော်မှာ တတိယမျိုးဆက်များဖြစ်ကြသည်ဟု သိရသည်။ ထို့ကြောင့် မိသားစုစီးပွားရေးလုပ်ငန်းများ၏ သုံးပုံတစ်ပုံသာ ဒုတိယမျိုးဆက်ထိ အောင်မြင်အောင်ဆောင်ရွက်နိုင်သည့်အဓိပ္ပာယ်ဖြစ်သည်။ ထိုကဲ့သို့အောင်မြင်သော မိသားစုလုပ်ငန်းများသည် လုပ်ငန်းငယ်များမှ တိုးတက်လာခြင်းဖြစ်၍ မိသားစုစီးပွားရေးလုပ်ငန်းငယ်များ အောင်မြင်စေရန် မည်သည့်အချက်များပြုလုပ်ရမည်ကို လေ့လာကြည့်ရမည်ဖြစ်သည်။

**နယ်နိမိတ်သတ်မှတ်ပါ**

မိသားစုရေးရာကိစ္စများနှင့် စီးပွားရေးကိစ္စများကို နယ်နိမိတ်ကန့်သတ်ထားရန်လိုအပ်သည်။ စီးပွားရေးကိစ္စများကို မိသားစုကိစ္စများဆောင်ရွက်နေချိန်တွင် ဆွေးနွေးခြင်းမျိုးကို ရှောင်ရှားရပါမည်။ ထိုသို့မဟုတ်လျှင် မိသားစုများနွေးထွေးမှု၊ ချစ်ခင်ရင်းနှီးမှုများ လျော့ကျတတ်သည်။ ထို့ပြင် အချို့သောမိသားစုရေးရာများတွင် ပျော်ရွှင်စရာလျော့ပါးမည်၊ မိသားစုချင်းချစ်ခင်စည်းလုံးမှုလျော့ပါးမည်ဖြစ်သည်။ စီးပွားရေးကိစ္စများကို လုပ်ငန်းခွင်တွင်သာ ဆွေးနွေးဆောင်ရွက်သင့်သည်။ မိသားစုအနားယူချိန်မျိုးတွင် ဆွေးနွေးမည်ဆိုပါကလည်း အချိန်တစ်ခုသာပေး၍ ဆွေးနွေးသင့်သည်။ ဥပမာ-မိသားစုဝင်တစ်ဦး၏ မွေးနေ့ပွဲကျင်းပနေချိန်မျိုးတွင် စီးပွားရေးကိစ္စများကို မဆွေးနွေးသင့်ပေ။

**ရိုးရှင်းလွယ်ကူသည့် ပုံမှန်ဆက်သွယ်ရေးနည်းလမ်းထူထောင်ပါ**

ရည်မှန်းချက်များ၊ ပြဿနာကိုဖြေရှင်းရန်ချဉ်းကပ်ပုံများနှင့်နည်းလမ်းများကို ကြံဆကြရန်စဉ်းစားကြပုံများမှာ မိသားစုတွင်းဖြစ်သော်လည်း ကွဲပြားခြားနားကြမည်သာဖြစ်သည်။ ထို့ပြင် ရှုထောင့်များသည်လည်း တူညီကြမည်မဟုတ်ပါ။ သို့ရာတွင် ပြဿနာတစ်ခု သို့မဟုတ် ရည်မှန်းချက်အတွက် တိုင်ပင်ဆွေးနွေးရမည့် အပတ်စဉ်အစည်းအဝေး သို့မဟုတ် တွေ့ဆုံပွဲတစ်ခုကို ပုံမှန်ဆောင်ရွက်ကြခြင်းဖြင့် အမြင်ချင်းဖလှယ်ခြင်း၊ စုပေါင်းကြံစည်ခြင်းများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် အဆုံးအဖြတ်ပေးနိုင်သည့် မိသားစုနှင့် လုပ်ငန်း၏ ခေါင်းဆောင်ဖြစ်သူကလည်း မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်ပေးနိုင်ရမည်ဖြစ်သည်။ ငြင်းခုံဆွေးနွေးမှုများရှိနိုင်သော်လည်း ထိုသို့ဆွေးနွေးခြင်းဖြင့် မှန်ကန်သောလမ်းကြောင်းကို ရနိုင်သည်။

**တာဝန်ယူမှုနှင့် အခန်းကဏ္ဍများကို ခွဲခြားထားပါ**

မိသားစုပိုင်လုပ်ငန်းဖြစ်သော်လည်း မိဘဖြစ်သူက လုပ်ငန်းဦးဆောင်သူဖြစ်နိုင်သကဲ့သို့ သားသမီးဖြစ်သူများက ဦးဆောင်သူလည်းဖြစ်နိုင်သည်။ လုပ်ငန်းများကို ဒုတိယမျိုးဆက်သို့ လွှဲထားသည်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ လုပ်ငန်းအတွင်း ပါဝင်ဆောင်ရွက်သည့် မိသားစုဝင်များသည် တာဝန်ခွဲခြားသတ်မှတ်ထားရမည်ဖြစ်သကဲ့သို့ မိမိတာဝန်ယူသောအပိုင်းကို အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည်။ အဆုံးအဖြတ်ပေးမည့်သူကိုလည်း လုပ်ငန်းအလိုက် ခွဲခြားထားရမည်ဖြစ်သည်။

ဥပမာ-လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် မိသားစုများက ဆောင်ရွက်သည်ဆိုသော်လည်း ဖခင်ဖြစ်သူက ကုန်ကြမ်းဝယ်ယူဖြည့်တင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ပြင်ပဆက်ဆံရေးများ ဆောင်ရွက်ပေးသည်ကို တာဝန်ယူပြီး ငွေကြေးသိမ်းဆည်းခြင်း၊ ဘဏ္ဍာငွေထိန်းသိမ်းခြင်းများကို မိခင်ဖြစ်သူက တာဝန်ယူပေးခြင်းမျိုးဖြစ်သည်။ သားဖြစ်သူက အဖျော်ဆရာနှင့် သမီးဖြစ်သူက မုန့်လုပ်ခြင်းမျိုးဖြစ်သည်။ တာဝန်ယူသည့်လုပ်ငန်းအလိုက် အောင်မြင်အောင် တာဝန်ယူရမည်ဖြစ်သကဲ့သို့ အဆုံးအဖြတ်ပေးရမည့်ကိစ္စမျိုးကို စုပေါင်းဆွေးနွေးဆုံးဖြတ်ခြင်းမျိုးဖြင့် ဆောင်ရွက်နိုင်သည်။

**စီးပွားရေးလုပ်ငန်းစစ်စစ်ဖြစ်ရန်ဆောင်ရွက်ပါ**

မိသားစုစီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းကျဆင်းစေသည့်အချက်မှာ စီးပွားရေးလုပ်သည်ကို အဓိကမထားဘဲ မိသားစုရေးရာကိစ္စများကို အဓိကထား ဦးစားပေးခြင်းဖြစ်သည်။ မိသားစုရေးကိစ္စများနှင့် စီးပွားရေးရာကိစ္စများကို ရောထွေးဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ သီးခြားစီဖြစ်နေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

ဥပမာ-ပျော်ပွဲစားထွက်ရန် သို့မဟုတ် ကိုယ်ပိုင်အဝတ်အစားဝယ်ရန် စသည့်ကိစ္စမျိုးတွင် လုပ်ငန်းဆောင်ရွက်နေသည့်ငွေကြေးအတွင်းမှယူ၍ သုံးစွဲခြင်းမျိုးသည် မိသားစုလုပ်ငန်းနှင့် စီးပွားရေးကိုခွဲခြားထားခြင်းမျိုးမဖြစ်ဘဲ လုပ်ငန်းအောင်မြင်တိုးတက်မှုကို ကျဆင်းစေမည်ဖြစ်သည်။ သို့ဖြစ်၍ လုပ်ငန်းအတွင်း ရင်းနှီးမြှုပ်နှံထားသော ငွေကြေး၊ လည်ပတ်နေသော ဘဏ္ဍာငွေများနှင့်တာဝန်ယူမှုအလိုက် လုပ်ခလစာများ၊ အကျိုးအမြတ်များကို စီးပွားရေးလုပ်ငန်းစစ်စစ်တစ်ခုကဲ့သို့ ခွဲခြားဆောင်ရွက်နိုင်ရန် လိုအပ်သည်။

**မိသားစုပိုင်လုပ်ငန်း၏ အားသာချက်များကို အကျိုးဖြစ်အောင်ဆောင်ရွက်ပါ**

မိသားစုပိုင်လုပ်ငန်းများတွင် များသောအားဖြင့် ကုန်ကျစရိတ်နည်းပါးအောင်ဆောင်ရွက်နိုင်ခြင်းဟူသော အားသာချက်မျိုးကို အကျိုးအဖြစ်ရရှိနိုင်သည်။ ဆွေမျိုးအရင်းအချာများ ဝင်ရောက်လုပ်ကိုင်ပေးခြင်းကြောင့် စရိတ်ကျဉ်းကျဉ်းဖြင့် လူစွမ်းအားအရင်းအမြစ်ကို ရရှိနိုင်သည်။ ထို့ပြင် မိသားစုများ၏ အခြားလုပ်ငန်းများမှ ရရှိသောငွေကြေးများကို မိသားစုလုပ်ငန်းအတွင်း ထည့်သွင်းရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် လုပ်ငန်းပမာဏကို တိုးချဲ့နိုင်သည်။

ထို့ပြင် မိသားစုဝင်တစ်ဦးချင်း၏မိတ်ဆွေအပေါင်းအသင်းများဖြင့် စီးပွားရေးအဆက်အသွယ်များတိုးတက်လာစေနိုင်သည်။ ငွေကြေးသုံးစွဲမှုနှင့် အကျိုးအမြတ်ပိုင်းတွင် ပြဿနာမရှိနိုင်သဖြင့် အထူးသီးသန့်ငွေစာရင်းစစ်ခြင်းမျိုးကိုဆောင်ရွက်ရန်မလိုအပ်နိုင်ပေ။ ထိုစရိတ်ကိုလည်း သက်သာစေနိုင်သည်။ ထို့ကြောင့် မိသားစုပိုင်လုပ်ငန်း၏ အားသာချက်များကို လုပ်ငန်းတွင် အကျိုးရှိအောင်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။

**လုပ်ငန်းတွင်းမှမိသားစုဝင်များကို မျှတစွာဆက်ဆံပါ**

လုပ်ငန်းကျွမ်းကျင်သူပညာရှင်များက လုပ်ငန်းအတွင်းသို့ မိသားစုဝင်ဆွေမျိုးသားချင်းများကိုသာ တာဝန်ပေးခြင်းမျိုးကိုရှောင်ရှားရန် အကြံပေးတတ်သည်။ သို့ရာတွင် အောင်မြင်သော မိသားစုပိုင်စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသောအကျိုးကျေးဇူးမှာ အဆိုပါဆွေမျိုးသားချင်းများထံမှရရှိသောစွန့်လွှတ်အနစ်နာခံတတ်ခြင်းများပင် ဖြစ်သည်။ မိသားစုလုပ်ငန်းငယ်များ ရှင်သန်တိုးတက်လာရေး၏ သော့ချက်သည် လုပ်ငန်းတွင်လုပ်ကိုင်ပေးနေသည့် မိသားစုဝင်များ၏ အလုပ်ကိုများစွာကြိုးစားခြင်းနှင့်လုပ်ငန်းအောင်မြင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပေးတတ်ခြင်းများဖြစ်ကြသည်။

❖ လုပ်ငန်းကျွမ်းကျင်သူပညာရှင်များက လုပ်ငန်းအတွင်းသို့ မိသားစုဝင်ဆွေမျိုးသားချင်းများကိုသာ တာဝန်ပေးခြင်းမျိုးကိုရှောင်ရှားရန် အကြံပေးတတ်သည်။ သို့ရာတွင် အောင်မြင်သောမိသားစုပိုင်စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသောအကျိုးကျေးဇူးမှာ အဆိုပါဆွေမျိုးသားချင်းများထံမှရရှိသော စွန့်လွှတ်အနစ်နာခံတတ်ခြင်းများပင်ဖြစ်သည်။ မိသားစုလုပ်ငန်းငယ်များ ရှင်သန်တိုးတက်လာရေး၏သော့ချက်သည် လုပ်ငန်းတွင်လုပ်ကိုင်ပေးနေသည့်မိသားစုဝင်များ၏ အလုပ်ကို များစွာကြိုးစားခြင်းနှင့် လုပ်ငန်းအောင်မြင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပေးတတ်ခြင်းများဖြစ်ကြသည်။❖

အရည်အသွေးမြင့်သော မိသားစုဝင်လုပ်ငန်းလုပ်သူသည် မိသားစုလုပ်ငန်းအတွက် ကြီးမားသောအရင်းအနှီး၊ ကြီးမားသောပုံသေပိုင်ပစ္စည်းဖြစ်သည်။ သို့ရာတွင် မိသားစုဝင်များကို အခြားသောမိသားစုဝင်မဟုတ်သည့် ဝန်ထမ်းများ၊ အလုပ်သမားများထက်ပို၍ အခွင့်အရေးပေးခြင်းမျိုးကို ရှောင်ရှားရမည်ဖြစ်သည်။ ဥပမာ-လစာခွဲခြားပေးခြင်း၊ ရာထူးတိုးမြှင့်ရာတွင် တန်းတူမစဉ်းစားခြင်း စသည့်ကိစ္စမျိုးများကို မပြုလုပ်သင့်ပေ။

**စီမံခန့်ခွဲမှုကို ရှင်းလင်းစွာသတ်မှတ်ထားပါ**

မိသားစုစီးပွားရေးလုပ်ငန်းများကို မည်သည့်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းမျှ ရေးဆွဲချမှတ်ပြဋ္ဌာန်းခြင်းမျိုးမရှိစေကာမူ တည်ထောင်နိုင်သည်။ လုပ်ငန်းအမွေဆက်ခံမည့်ကိစ္စမျိုးနှင့် လုပ်ငန်းစီမံခန့်ခွဲခြင်းများကို မည်သူကပြုလုပ်မည်ဆိုသည်ကို ရှင်းလင်းစွာသတ်မှတ်ပေးထားရန်လိုအပ်သည်။ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားမှုများနှင့် နားလည်မှုလွဲမှားမှုများကို ရှောင်ရှားနိုင်ရန်အတွက် စီမံခန့်ခွဲမှုကို တိတိကျကျသတ်မှတ်ပေးထားရန်လိုအပ်သည်။

ဥပမာ-ကုန်ကြမ်းဝယ်ယူရေးကို မည်သူက မည်သို့လုပ်မည်ကို သတ်သတ်မှတ်မှတ်ထားရှိရပါမည်။ ငွေကြေးသုံးစွဲမှုကို မည်သူကဆောင်ရွက်မည်၊ မည်သည့်ပမာဏထက်ကျော်လွန်ပါက မည်သူ့ထံ အသိပေးတင်ပြရမည် စသည်ဖြင့် သတ်မှတ်ထားရန်လိုအပ်သည်။ ထို့ပြင် မိသားစုဝင်များက ၎င်းတို့ထံတင်ပြခြင်းမရှိသည့်လုပ်သားများကို ရှုတ်ချသည့်ဘက်သို့ယိမ်းယိုင်သွားတတ်သည်။ စီမံခန့်ခွဲမှုကို တိတိကျကျသတ်မှတ်ထားခြင်းမရှိပါက လုပ်သားများနှင့် ဝန်ထမ်းများအဖို့ လုပ်ငန်းအတွင်းရှိ မိသားစုဝင်များအားလုံးကို ကြောက်လန့်နေရသည့်အဖြစ်ကို ရောက်ရှိပြီး ခါးသီးသောခံစားချက်များ ဖြစ်ပေါ်လာစေသည်။

**မိသားစုဝင်များကို တန်ဖိုးထားပါ**

မိသားစုဝင်များကို အခြားသောလုပ်သားများ၊ ဝန်ထမ်းများနှင့် ညီညီမျှမျှဆက်ဆံရန် အထက်တွင်ရေးသားခဲ့သည်။ သို့ရာတွင် မိသားစုဝင်များကြောင့် မိသားစုလုပ်ငန်း ဖြစ်ထွန်းလာခြင်းဖြစ်၍ မိသားစုဝင်များ၏ လုပ်အား၊ ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အပေါ် ကောင်းစွာဆောင်ရွက်မှုများကို တန်ဖိုးထားရမည်ဖြစ်သည်။ လုပ်ငန်းအောင်မြင်ရေးသည် မိသားစုဝင်များအပေါ် တည်မှီနေသဖြင့် ခေါင်းဆောင်လုပ်သူက လုပ်ငန်းအတွင်းရှိ မိသားစုဝင်များကို ထောက်ထားညှာတာရန်၊ တန်ဖိုးထားရန်လည်း လိုအပ်သည်။ မိသားစုဝင်များကို တန်ဖိုးထားမှသာ လုပ်ငန်းတိုးတက်မည်ကို သတိပြုရမည်ဖြစ်သည်။

**ပြင်ပအကြံဉာဏ်များရယူပါ**

မိသားစုလုပ်ငန်းများတွင် ရှေ့အနာဂတ်အတွက် စဉ်းစားတိုင်ပင်ကြသည့်အခါတွင် မိသားစုအချင်းချင်းဖြစ်သဖြင့် အကြံဉာဏ်များ၊ တွေးခေါ်ယူဆပုံများသည် များစွာဆင်တူနေပြီး ဆန်းသစ်သောအမြင်များ၊ အကြံဉာဏ်အသစ်အဆန်းများဖြစ်ပေါ်လာမှု အားနည်းတတ်သည်။ ရှုထောင့်များလည်း တူညီနေတတ်သဖြင့် လုပ်ငန်းအောင်မြင်ရေး၊ လုပ်ငန်းတိုးချဲ့ရေးများအတွက် နည်းလမ်းကောင်းများ ရှာဖွေရရှိမှုတွင် အားနည်းတတ်သည်။ ထို့ကြောင့် ဆန်းသစ်သောတွေးခေါ်မြော်မြင်မှု၊ နည်းပညာကျွမ်းကျင်မှု စသည်တို့တွင် ပြင်ပမှအကြံဉာဏ်များကို ရယူသင့်သည်။ ပြင်ပမှ အကြံပေးသူများသည် မိသားစုဝင်မဟုတ်သဖြင့် မိသားစု၏လွှမ်းမိုးမှုအရိပ်မှကင်းဝေးပြီး ကောင်းမွန်သောအကြံဉာဏ်များ၊ ဆန်းသစ်သော အတွေးအခေါ်များကို ရရှိစေသည်။ ထို့ပြင် ဘက်လိုက်မှုကင်းကင်းဖြင့် လုပ်ငန်းအပေါ် ဝေဖန်သုံးသပ်မှုများကိုလည်း ပေးစွမ်းနိုင်သည်။ ထို့ကြောင့် ပြင်ပအကြံဉာဏ်များကို ရယူခြင်းဖြင့် မိသားစုဝင်လုပ်ငန်းများကို တိုးတက်စေနိုင်သည်။


**လုပ်ငန်းအမွေဆက်ခံနိုင်ရန် စီမံချက်ချဆောင်ရွက်ပါ**

အချို့သော မိသားစုလုပ်ငန်းများသည် အောင်မြင်မှုများရရှိသော်လည်း အမွေဆက်ခံမည့် သားသမီး၊ မြေး၊ မြစ်များမရှိဖြစ်တတ်သည်။ လုပ်ငန်းအမွေဆက်ခံမည့်မျိုးဆက်သစ်များ ကင်းမဲ့တတ်သည်။

ဥပမာ-မိရိုးဖလာစီးပွားရေးလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများတွင် သားသမီးများက အမွေဆက်ခံမှုကင်းမဲ့သည်များ တွေ့နေရသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၄၉၃၇ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၄၉၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို နိုဝင်ဘာလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၉၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၄၈ ဒသမ ၈၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မိုးစပါးဧက ၂၁၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ စိုက်ခင်းတွေကို နိုဝင်ဘာလက စတင်ရိတ်သိမ်းနေပါပြီ။ ဒီနေ့ထိ ဧက ၄၉၀၀ ကျော် ရိတ်သိမ်းပြီးပါပြီ။ ကျန်ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် နန်းယွန်းမြို့နယ်တွင် ၁၄၄၈ ဧက၊ ဒုံဟီးမြို့တွင် ဧက ၁၉၅၀၊ ပန်ဆောင်မြို့တွင် ၁၅၃၉ ဧက စုစုပေါင်း ၄၉၃၇ ဧက ဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးများကို ယခုနှစ်မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ လေရှီးမြို့နယ်တွင် ဧက ၃၃၃၀၊ ဆွမ္မရာမြို့တွင် ၂၀၂၈ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၆၆ ဧက၊ ဒုံဟီးမြို့တွင် ၄၅၈၂ ဧက၊ ပန်ဆောင်မြို့တွင် ၂၀၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းများ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများစိုက်ပျိုးရန်နှင့် ဓာတ်မြေဩဇာများသုံးစွဲတတ်စေရန်နည်းပညာများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

ထို့ကြောင့် စီးပွားရေးလုပ်ငန်းများကို မိသားစုသာ လုပ်ကိုင်နိုင်သော လုပ်ငန်းမဖြစ်စေရန် သေချာစွာစီမံချက်ချမှတ်ထားရန် လိုအပ်သည်။ မိသားစုလုပ်ငန်းအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်မည့် သားသမီးများ၊ မြေး၊ မြစ်များကို မြေတောင်မြှောက်ပေးခြင်း၊ စိတ်ဝင်စားလာစေရန် ဆောင်ရွက်ပေးခြင်းများကို စနစ်တကျ စီမံချက်ချဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

**ပြင်ပအတွေ့အကြုံများကို ပထမဦးစွာရှာဖွေပါ**

မိမိ၏ သားသမီးများ၊ ကလေးများကို လုပ်ငန်းအတွင်း တာဝန်ပေးမည်ဆိုပါက မိသားစုလုပ်ငန်းအတွင်း တာဝန်မပေးမီ အခြားသောလုပ်ငန်းများတွင် အတွေ့အကြုံရှာခိုင်းသင့်သည်။ တစ်နှစ်မှ သုံးနှစ်ထိ အခြားသောလုပ်ငန်းများတွင် အတွေ့အကြုံရှာသည့်အနေဖြင့် ဝင်ရောက်လုပ်ကိုင်ကြည့်သင့်သည်။ အဆိုပါလုပ်ငန်းများတွင် ရရှိလာသောလုပ်ငန်းအတွေ့အကြုံများသည် မိသားစုစီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်တာဝန်ယူသည့်အခါ အကျိုးကျေးဇူးများဖြစ်ထွန်းစေသည်။ မိသားစုလုပ်ငန်းအတွက် တန်ဖိုးရှိသောအမြင်များ၊ ဆန်းသစ်သောအတွေးအခေါ်များကို ရရှိစေသည်။ အတွေ့အကြုံများမှ သင်ခန်းစာများရရှိပြီး မိမိ မိသားစုလုပ်ငန်းတွင် ပြုပြင်ပြောင်းလဲမှုများ၊ ဆန်းသစ်တီထွင်မှုများကို ဆောင်ရွက်ခြင်းဖြင့် နောင်အနာဂတ်အတွက် ပိုမိုကောင်းမွန်သော မိသားစုပိုင်လုပ်ငန်းကို ဖြစ်ထွန်းစေနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ မိသားစုပိုင်စီးပွားရေးလုပ်ငန်းများသည် နောက်မျိုးဆက်သစ်များထံ အောင်မြင်စွာဆောင်ရွက်နိုင်ရန်မှာ များစွာသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်လိုအပ်သည်။ အားနည်းချက်များကိုပြုပြင်ပြီး ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှသာ ရှင်သန်မှုကြာမြင့်မည်ဖြစ်သည်။ ရေရှည်ထိန်းသိမ်းနိုင်ခြင်းဖြင့် ထိတွေ့ကိုင်တွယ်၍မရသောတန်ဖိုးများလည်း တိုးတက်လာမည်ဖြစ်သည်။ Brand Name တစ်ခုအဖြစ် အောင်မြင်မှုရရှိလာစေနိုင်သည်။ မိသားစုလုပ်ငန်းများ အောင်မြင်မှုရရှိစေရန်အတွက် မိသားစုအရေးကိစ္စများနှင့် စီးပွားရေးလုပ်ငန်းကို ကွဲပြားစွာဆောင်ရွက်နိုင်ရန်လိုအပ်သည်။ မိသားစုလုပ်ငန်းအောင်မြင်လာသည့်အခါ မျိုးဆက်သစ်များအတွင်း စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်လာပြီး သီးခြားစီလုပ်ငန်းထူထောင်ခြင်းဖြင့် နှစ်ဖက်အကျိုးမများသော စီးပွားရေးလုပ်ငန်းများဖြစ်လာကာ ဖွံ့ဖြိုးတိုးတက်မှုများနှေးခြင်း၊ လုပ်ငန်းမအောင်မြင်ခြင်း၊ ကျရှုံးခြင်းများဖြစ်စေနိုင်သည်။

ထို့ကြောင့် မျိုးဆက်သစ်များသည် မိသားစုပိုင်စီးပွားရေးလုပ်ငန်းများကို မိဘလက်ထက်ကထက် ပိုမိုကောင်းမွန်အောင်မြင်စေရန်အတွက် ညီညွတ်မှု၊ စည်းလုံးမှုများသည် အခြေခံကျသောအချက်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **The Sloan Brothers' 12 keys to family business Success.**

# မသန်စွမ်းသူများ ဘဝမြင့်မားဖို့ အားဖြည့်လက်ကမ်း ကြိုးပမ်းစို့

- လူ့ဘုံရွာ လူ့လောက
  နေခြင်းလှ သည်အခွင့်မှာ၊
  ကံရိပ်ဖန် ကံအကျိုးမျှ
  ဘဝခဏတာ၊
  ရခဲလှ ကံကောင်းစွာ
  ရပ်တည်ရာ လူ့ဘောင်လမ်း၊
  လူ့နှုန်းစံ လူပီသရေး
  ကျင့်တွေးလို့လှမ်း။
- အတိတ်ကံ အကြောင်းပြုလို့
  ရပ်တည်မှု မတူပြန်၊
  ရုပ်ခန္ဓာ ဖောက်ပြန်ချွတ်
  ဝင့်ကြွေးနှယ်ဆန်၊
  လူအချို့ မူသွင်သဏ္ဌာန်
  မစွမ်းမသန် ချို့ယွင်းရ၊
  ဆွံ့အနေ ကြားမြင်မဲ့လို့
  ချည့်နဲ့ဘဝ။
- ကံကောင်းစွာ ရလာခိုက်
  မွေ့ပျော်ပိုက် ဘဝဝယ်၊
  ဒုက္ခကို သုခလွှမ်း
  ထုံမွမ်းစီခြယ်၊
  ဘယ်လိုကြမ်း ဘယ်လိုနွယ်
  အားမငယ် တက်ကုန်ဝင့်၊
  ကိုယ်မှန်းရာ ပန်းတိုင်များတွက်
  စိတ်ခွန်အားမြှင့်။
- ဘဝနှင့်ယှဉ် ပုံဖော်လှမ်း
  ဖြတ်သန်းရင်း လှမ်းပြိုင်ချီ၊
  ကျော်လွှားကာ ရည်မျှော်မှန်း
  ပန်းတိုင်များဆီ၊
  ရေရှည်တွက် ဖွံ့ဖြိုးညီ
  တိုးတက်ရည် ပြည့်မီရေး၊
  စွမ်းနိုင်စွာ ဖွဲ့မြှင့်လျှောက်
  ရောက်ရှိဖို့တွေး။
- မသန်သော်လည်း စွမ်းသူများမို့
  အားပေးရင်း လက်ကမ်းပါ၊
  ကိုယ်ချင်းစာ စိတ်ထားလှနဲ့
  ဖေးမကြင်နာ၊
  မလှပတဲ့ ဘဝကြမ္မာ
  ကြောင်းဖန်လာ ဒဏ်သင့်လို့၊
  ဘဝတာ
  အလှဖြာ လူသားပီသလေတဲ့
  နေခွင့်ပိုင် သည်ခဏမှာ
  နှလုံးလှသူ မွေးဂုဏ်ဒြပ်နဲ့
  မြင့်မြတ်စွာ တူယှဉ်ဖက်ရင်း
  ရွက်ဆောင်ကာ ပန်းတိုင်လမ်းတွက်
  တိုးတက်ရည် မြှင့်တင်မှန်း
  ကြိုးပမ်းပါစို့။ ။

(အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုလျက်)

**မင်းသွေးနွယ်(ဇီးကုန်း)**

# နိုင်ငံတကာ သတင်းများ

## ရုရှားစစ်အင်အားကို ၁၇၀၀၀၀ ခန့်ထပ်တိုးရန် သမ္မတပူတင် ညွှန်ကြား



**မော်စကို ဒီဇင်ဘာ ၂**

ရုရှားသမ္မတပူတင်သည် ရုရှားလက်နက်ကိုင်တပ်များအင်အားကို ၁၇၀၀၀၀ ခန့် ထပ်တိုးရေးအတွက် ဒီဇင်ဘာ ၁ ရက်တွင် ညွှန်ကြားထားကြောင်း သိရသည်။

ယူကရိန်းနှင့်ဖြစ်ပွားနေသည့် စစ်ပွဲ ၂၂ လတာကာလအတွင်း ဝင်ရောက်လာချိန်တွင် ရုရှားစစ်အင်အားကို တပ်ဖွဲ့ဝင်အင်အား ၁၇၀၀၀၀ခန့်ထပ်တိုးရန် သမ္မတပူတင်က ညွှန်ကြားထားခြင်းဖြစ်သည်။

စစ်အင်အား မြှင့်တင်ရေးအတွက် သမ္မတပူတင် လက်မှတ်ရေးထိုးခဲ့သည့် အမိန့်ဒီကရီသည် ဒီဇင်ဘာ ၁ ရက်မှာပင် စတင်အာဏာသက်ဝင်ခဲ့ကြောင်း ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

သမ္မတပူတင်၏ အမိန့်ဒီကရီဖြင့် ထပ်တိုးမည့် စစ်အင်အားကြောင့် ရုရှားလက်နက်ကိုင်တပ်များ၏အင်အားမှာ ၁ ဒသမ ၃၂ သန်းထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်း ဒုတိယအကြိမ်အဖြစ် ရုရှားစစ်အင်အားကိုထပ်တိုးခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ရုရှားသမ္မတပူတင်သည် ရုရှားစစ်အင်အားကို စစ်သည် ၁၃၇၀၀၀ ထပ်တိုးရန် အမိန့်ဒီကရီတစ်ရပ်လက်မှတ်ရေးထိုးခဲ့ရာ ထိုစဉ်ကာလ ရုရှားစစ်အင်အားမှာ ၁ ဒသမ ၁၅ သန်းထိရှိလာခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အစ္စရေးစစ်ဘက်၏ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှု ဆီးရီးယားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ တားဆီး

**ဒမတ်စကတ် ဒီဇင်ဘာ ၂**

ဒမတ်စကတ်မြို့အနီးရှိ ပစ်မှတ်များအား အစ္စရေးစစ်ဘက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို ဆီးရီးယား လေကြောင်းရန်ကာကွယ်ရေးတပ်များက ယနေ့တွင် တားဆီးနိုင်ခဲ့ကြောင်း ဆီးရီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးစစ်ဘက်က ၎င်းတို့ထိန်းချုပ်ထားသည့်ဂိုလန်ကုန်းမြင့်ဒေသမှတစ်ဆင့် ဒမတ်စကတ်မြို့အနီးပစ်မှတ်များကို ဒုံးကျည်များဖြင့် ယနေ့တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားမီဒီယာများ၏ အဆိုအရ သိရသည်။

သို့သော် အစ္စရေးစစ်ဘက်က ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အများစုကို ဆီးရီးယားလေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချနိုင်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်မီဒီယာများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေး တိုက်ခိုက်မှုကြောင့် လူမှုထိခိုက်ဒဏ်ရာ ရသူမရှိခဲ့ဘဲ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများသာရှိခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့်ဟားမတ်စ်အုပ်စုတို့ကြားတိုက်ပွဲများဖြစ်ပွားနေချိန်တွင် အစ္စရေးစစ်ဘက်က ဆီးရီးယားနိုင်ငံအတွင်းရှိပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးစစ်ဘက်သည်ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်နိုင်ငံနှင့်ဆက်စပ်နေသည့် စစ်ရေးပစ်မှတ်များကို မကြာခဏဆိုသလို တိုက်ခိုက်လေ့ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ကမ်းခြေစောင့်တပ်ဖွဲ့ တပ်စခန်းသစ်ကို သီတူကျွန်း၌ ဖိလစ်ပိုင်နိုင်ငံဖွင့်လှစ်

**မနီလာ ဒီဇင်ဘာ ၂**

တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့် အငြင်းပွားနယ်မြေတစ်ခုဖြစ်သော သီတူအမည်ရှိကျွန်းပေါ်၌ ဖိလစ်ပိုင်နိုင်ငံက ကမ်းခြေစောင့်တပ်စခန်းသစ်တစ်ခုကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သီတူကျွန်းပေါ်၌ ကမ်းခြေစောင့်တပ်စခန်းသစ် ဖွင့်လှစ်ထားခြင်းဖြင့် တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွားရေလမ်းကြောင်းများအတွင်း တရုတ်သင်္ဘောများနှင့် လေယာဉ်များလှုပ်ရှားမှုကို ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပိုမိုစောင့်ကြည့်နိုင်မည်ဖြစ်သည်။

စပရက်သ်လေ ကျွန်းစုအတွင်း တည်ရှိသော သီတူကျွန်းသည် ဖိလစ်ပိုင်နိုင်ငံက ထိန်းချုပ်ထားသည့် စပရက်သ်လေကျွန်းစု ကျွန်းနယ်မြေကိုးခုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

သီတူကျွန်းကမ်းခြေစောင့်တပ်စခန်းသစ်တွင် ခေတ်မီရေဒါစနစ်များ၊ ဂြိုဟ်တုစနစ်များ၊ ကမ်းရိုးတန်းစောင့်ကြည့်ရေးကင်မရာစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

သီတူကျွန်းကမ်းခြေစောင့်တပ်စခန်းသည် ဖိလစ်ပိုင်နိုင်ငံအတွက် တောင်တရုတ် ပင်လယ်ဒေသ၌ အကြီးမားဆုံးနှင့်မဟာဗျူဟာအကျဆုံးတပ်စခန်းသစ်ဖြစ်သည်။

သီတူကျွန်းသည် ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ကျွန်း၏အနောက်ဘက် မိုင် ၃၀၀ ခန့်အကွာတွင် တည်ရှိသည့် ကျွန်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**




## သူလျှိုဂြိုဟ်တုလုပ်ငန်းလည်ပတ်မှုပုံစံမှန်သမျှအား ကြားဝင်စွက်ဖက်မှုကိုစစ်ကြေညာမှုအဖြစ် မြောက်ကိုရီးယားမှတ်ယူမည်

**ပြုံယမ်း ဒီဇင်ဘာ ၂**

သူလျှိုဂြိုဟ်တုလုပ်ငန်းလည်ပတ်မှုများအား ကြားဝင်စွက်ဖက်မှုမှန်သမျှကို စစ်ကြေညာမှုအဖြစ်မှတ်ယူမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ယနေ့တွင် သတိပေးလိုက်သည်။

အမေရိကန်နိုင်ငံ အနေဖြင့် မြောက်ကိုရီးယားသူလျှိုဂြိုဟ်တု၏ လုပ်ငန်းလည်ပတ်မှုများကိုကြားဝင်စွက်ဖက်မည်ဆိုပါက အမေရိကန်သူလျှိုဂြိုဟ်တုများ၏ အသုံးချနိုင်စွမ်းကိုလည်း ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ထို့ပြင် မြောက်ကိုရီးယားသူလျှိုဂြိုဟ်တု၏ လုပ်ငန်းလည်ပတ်မှုများအား ကြားဝင်နှောင့်ယှက်မှုမှန်သမျှကို စစ်ကြေညာမှုအဖြစ် မှတ်ယူမည်ဖြစ်သည်ဟု မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။



မြောက်ကိုရီးယား နိုင်ငံသည် ၎င်း၏ပထမဆုံး စစ်သုံးသူလျှိုဂြိုဟ်တုကို နိုဝင်ဘာ ၂၁ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့သည်။

အဆိုပါဂြိုဟ်တုသည် အမေရိကန်နိုင်ငံ၊ ဂျပန်နှင့် ဂူအမ်ကျွန်းတို့ရှိစစ်စခန်းများကို ဓာတ်ပုံရိုက်ကူးထားနိုင်ကြောင်း မြောက်ကိုရီးယားက သတင်းထုတ်ပြန်ထားသည်။

သို့သော် မြောက်ကိုရီးယား၏ သူလျှိုဂြိုဟ်တုလွှတ်တင်မှုကို ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ချိုးဖောက်မှုအဖြစ် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ဝေဖန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ၂၀၂၄ ခုနှစ်တွင် အနည်းဆုံးလုပ်ခလစာသတ်မှတ်ချက်ကို ၂၀ ရာခိုင်နှုန်း မြှင့်တင်မည်ဟု မက္ကဆီကိုသမ္မတလိုပက်ဇ်အော်ဘရေဒေါ ကြေညာ

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂**

မက္ကဆီကိုနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာသတ်မှတ်ချက်ကို ၂၀၂၄ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း မြှင့်တင်မည်ဖြစ်ကြောင်း သမ္မတ လိုပက်ဇ်အော်ဘရေဒေါက ဒီဇင်ဘာ ၁ ရက်တွင် ကြေညာထားသည်။

လက်ရှိ သတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခလစာကို၂၀ရာခိုင်နှုန်း ထပ်မံမြှင့်တင်မည်ဆိုပါက မက္ကဆီကို အလုပ်သမားများအနေဖြင့် တစ်ရက်လျှင် အနည်းဆုံးလုပ်ခလစာခံစားခွင့် ၁၄ ဒသမ ၂၅ ဒေါ်လာထိရရှိမည်ဖြစ်သည်။

မက္ကဆီကို အလုပ်သမားများအနေဖြင့် အနည်းဆုံး လုပ်ခလစာသတ်မှတ်ချက်သစ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ခံစားနိုင်မည်ဖြစ်ကြောင်း သမ္မတအော်ဘရေဒေါက ပြောကြားထားသည်။

အနည်းဆုံး လုပ်ခလစာသတ်မှတ်ချက်သစ်အရ မက္ကဆီကို အလုပ်သမားများအနေဖြင့် လက်ရှိတစ်နာရီလုပ်ခလစာ ပီဆိုငွေ ၂၂၀ ခန့်အစား ပီဆိုငွေ ၂၄၈ ပီဆိုထိ ရရှိနိုင်မည်ဖြစ်သည်။

မက္ကဆီကိုနိုင်ငံ၏ပီဆိုငွေကြေးစနစ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ငွေတန်ဖိုး ၁၀ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။

ပြည်ပရောက် အလုပ်သမားများထံမှ လွှဲငွေဝင်ရောက်မှုမြင့်တက်လာခြင်း၊ ပြည်တွင်းအတိုးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် မက္ကဆီကိုပီဆိုငွေကြေးတန်ဖိုးလည်း မြင့်တက်လာရခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက အိုင်ယာလန်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုနှင့် တောင်ကိုရီးယားကင်းထောက်ဂြိုဟ်တုတစ်စင်းအပါအဝင် ဂြိုဟ်တု ၂၅ စင်းကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် အိုင်ယာလန်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုနှင့် တောင်ကိုရီးယား ကင်းထောက်ဂြိုဟ်တုတစ်စင်း အပါအဝင် ဂြိုဟ်တု ၂၅ စင်းကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပင်မ ဒုံးယာဉ်သည် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းနယ်မြေပေါ်သို့အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ် ဒီဇင်ဘာ ၂ ရက် ပြန်လည်ဆင်းသက်မှုသည် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ အကြိမ် ၂၅၀ မြောက် ပြန်လည်ဆင်းသက်မှုဖြစ်သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံသယ်ဆောင်သွားသည့် ဂြိုဟ်တု ၂၅ စင်းအနက် EIRSAT-1 အမည်ရှိ ဂြိုဟ်တုမှာ အိုင်ယာလန်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုဖြစ်သည်။

အလားတူ 425 Project-EO/IR အမည်ရှိ တောင်ကိုရီးယား၏ ပထမဆုံး သူလျှိုဂြိုဟ်တုကိုလည်း အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံက သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Mounjaro ဆီးချိုရောဂါဆေးက ကိုယ်အလေးချိန်လျှော့ချရာတွင် ထိရောက်မှုရှိ

**နယူးယောက် ဒီဇင်ဘာ ၂**

ပဏာမအဆင့် လက်တွေ့စမ်းသပ်မှုများအရ Mounjaro အမည်ရှိ ဆီးချိုရောဂါဆေးတစ်မျိုးသည် အဝလွန်သူများ၏ကိုယ်အလေးချိန်ကို လျှော့ချရာတွင် Ozempic ခေါ်ဆေးတစ်မျိုးထက်ပို၍ ထိရောက်မှုရှိကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Mounjaro နှင့် Ozempic တို့သည် GIP-1 အမည်ရှိ အစာခြေလမ်းကြောင်းစနစ် ဟော်မုန်းတစ်မျိုး၏ အကျိုးသက်ရောက်မှုများကို တုပဖန်တီးပေးသော ဆေးများဖြစ်ကြသည်။

GIP-1 ဟော်မုန်းများသည် အင်ဆူလင်ထုတ်လုပ်မှုကို စေ့ဆော်ပေးတတ်ပြီး အစာစားလိုစိတ်ကို ထိန်းချုပ်ပေးသည့် ဟော်မုန်းများဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Mounjaro ဆေးသုံးစွဲသူများအနေဖြင့် သုံးလအတွင်းကိုယ်အလေးချိန် ခြောက်ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့ပြီး Ozempic ဆေးသုံးစွဲသူများတွင်မူ ကိုယ်အလေးချိန် လေးရာခိုင်နှုန်းထိသာ ကျဆင်းခဲ့ကြောင်း သိရသည်။

Mounjaro နှင့် Ozempic ဆေး နှစ်မျိုးစလုံးသည် ပုံစံ-၂ ဆီးချိုရောဂါဆေးများ ဖြစ်သော်လည်း ကိုယ်အလေးချိန်ကိုပါ လျှော့ချနိုင်မှုကြောင့် လူသုံးများသည့် ဆေးများဖြစ်လာခဲ့ရကြောင်း သိရသည်။

အဆိုပါ ဆေးနှစ်မျိုးစလုံးကို အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA)က သုံးစွဲခွင့်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**


## ဒင်ကီနက်ရှ်ဂြိုဟ်သိမ်၏ ဂြိုဟ်ရံလငယ်ကို ဆီလစ်ဂြိုဟ်သိမ်ဟူ၍ အမည်ပေးထား

**ဝါရှင်တန် ဒီဇင်ဘာ ၂**

ဒင်ကီနက်ရှ်အမည်ရှိ ဂြိုဟ်သိမ်၏ ဂြိုဟ်ရံလငယ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ဆီလစ်ဂြိုဟ်သိမ်ဟူ၍ အမည်ပေးထားကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

နာဆာက လွှတ်တင်ထားသည့် လူစီအာကာသယာဉ်သည် ယခုနှစ် နိုဝင်ဘာ ၁ ရက်က ဒင်ကီနက်ရှ် ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သည်။

ထိုသို့ အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ဒင်ကီနက်ရှ်ဂြိုဟ်သိမ်မှာ ယခင်ထင်ထားသကဲ့သို့ တစ်စင်းတည်းသော ဂြိုဟ်သိမ်မဟုတ်ဘဲ ၎င်းကိုဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်ရံလငယ်တစ်စင်းကိုပါ ပိုင်ဆိုင်ထားကြောင်း လူစီအာကာသယာဉ်က ဖော်ထုတ်တွေ့ရှိခဲ့ရသည်။



ဒင်ကီနက်ရှ် ဂြိုဟ်သိမ်သည် နေကိုမိုင်ပေါင်း ၂၀၄ သန်းအကွာမှတစ်ဆင့် ၃ ဒသမ ၂၄ နှစ်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေအတွင်း တည်ရှိကြောင်း သိရသည်။

လူစီ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ထရိုဂျင်ဂြိုဟ်သိမ်ခေါ် ထူးဆန်းသည့် ဂြိုဟ်သိမ်များထံ ပျံသန်းနေစဉ် ဒင်ကီနက်ရှ် ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## သိုင်းရွိုက်ဟော်မုန်းစုစည်းမှုမြင့်တက်ခြင်းကြောင့် Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၂**

သိုင်းရွိုက်ဟော်မုန်း စုစည်းမှုအဆင့် မြင့်တက်လာခြင်းကြောင့် သက်ကြီးပိုင်းများ၌ ဦးနှောက်ထိခိုက်ပျက်စီးနိုင်ပြီး ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုပြဿနာ (Dementia) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

သိုင်းရွိုက်ဟော်မုန်းစုစည်းမှုမြင့်တက်ခြင်း (Thyrotoxicosis) ပြဿနာသည် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်ပြဿနာများနှင့် ဆက်စပ်နေတတ်ကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သိုင်းရွိုက်ဟော်မုန်း လွန်ကဲမှုကြောင့် ပေါ်ထွက်လာနိုင်သည့် အကျိုးဆက်များထဲတွင် ဦးနှောက်စွမ်းဆောင်ရည် ပြဿနာများလည်း ပါဝင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သိုင်းရွိုက်ဟော်မုန်းများသည် သိုင်းရွိုက်ဂလင်းများ လှုပ်ရှားမှုလွန်ကဲလာခြင်းကြောင့် မြင့်တက်လာနိုင်သကဲ့သို့ သိုင်းရွိုက်ဟော်မုန်းဆေးများကြောင့်လည်း မြင့်တက်လာနိုင်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သိုင်းရွိုက်ဟော်မုန်းစုစည်းမှုအဆင့် ပုံမှန်ထက်လွန်ကဲသူများတွင် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးနိုင်ခြေ ၃၉ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၆၆၀၀၀ ခန့်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**


**Trs : KKO**



## ပရိုဂရက်စ်အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်ကို ရုရှားအာကာသအေဂျင်စီ လွှတ်တင်

**မော်စကို ဒီဇင်ဘာ ၂**

ပရိုဂရက်စ် အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်ကို ရုရှားအာကာသအေဂျင်စီက ဒီဇင်ဘာ ၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။



ရုရှားအာကာသ အေဂျင်စီသည် အဆိုပါအာကာသကုန်တင်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၂၅ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားရေရိက္ခာများအပါအဝင် ပစ္စည်းပစ္စယများ အလေးချိန်ကီလိုဂရမ် ၂၅၄၀ သယ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် ဒီဇင်ဘာ ၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ရုရှားအာကာသ အေဂျင်စီ၏ ပရိုဂရက်စ်အမ်အက်စ်-၂၃ အာကာသကုန်တင်ယာဉ်ကမူ နိုဝင်ဘာ ၂၉ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်များသည် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့တာဝန်ရယူထားသည့် အာကာသကုန်တင်ယာဉ်သုံးမျိုးထဲတွင် ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူခံစစ်ကစားသမား မာလာစီယာ ဒုတိယအကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့ရ

**မန်ချက်စတာ ဒီဇင်ဘာ ၂**

မန်ယူအသင်း ခံစစ်ကစားသမား မာလာစီယာသည် ပြီးခဲ့သည့်နွေရာသီက ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရသော်လည်း ဒဏ်ရာအခြေအနေမှာ လက်ရှိအချိန်ထိသက်သာလာခြင်းမရှိခဲ့သဖြင့် ဒုတိယအကြိမ်ခွဲစိတ်မှုပြုလုပ်ခဲ့ရကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

ခံစစ်ကစားသမား မာလာစီယာသည် ပြီးခဲ့သည့်ဩဂုတ်လက ဒူးဒဏ်ရာခွဲစိတ်ကုသမှုပြုလုပ်ခဲ့ပြီး ဒဏ်ရာကြောင့် အသင်းပွဲစဉ်များကို လွဲချော်ခဲ့ကာ လက်ရှိအချိန်ထိ ဒဏ်ရာသက်သာလာခြင်း မရှိခဲ့သဖြင့် အသင်းဆေးအဖွဲ့က ဒုတိယအကြိမ် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရပြီး ခွဲစိတ်ကုသမှု အောင်မြင်ခဲ့သောကြောင့် လာမည့်နှစ်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်း ဆေးအဖွဲ့က "မာလာစီယာဟာ နွေရာသီမှာရခဲ့တဲ့ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရတာပါ။ သူ့အနေနဲ့ ဒဏ်ရာသက်သာချိန်မှာ အသင်းနဲ့ပူးပေါင်းခဲ့ပေမဲ့ နာကျင်မှုဝေဒနာခံစားခဲ့ရပါတယ်။ ဒါကြောင့် လိုအပ်တဲ့ စစ်ဆေးမှုပြုလုပ်ပြီး ဒုတိယအကြိမ် ခွဲစိတ်မှုပြုလုပ်ခဲ့ရတာပါ။ ခွဲစိတ်မှုအောင်မြင်ခဲ့တာကြောင့် သူ့အနေနဲ့လာမည့်နှစ်အစောပိုင်းမှာ အသင်းနဲ့ပြန်လည်ပူးပေါင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ထုတ်ပြန်ပြောကြားခဲ့သည်။

၎င်းသည် နည်းပြတန်ဟတ်လက်အောက်တွင် ဘယ်တောင်ပံခံစစ်ပိုင်းတွင် ဝါရင့်ကစားသမား လုခ်ရှောကိုကျော်ဖြတ်၍ ပထမပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး ဒူးဒဏ်ရာခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရသဖြင့် လုခ်ရှောအနေဖြင့် ဦးစားပေးကစားသမားဖြစ်လာခဲ့ကာ ၎င်းအနေဖြင့်လည်း ဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် အသင်းအနေဖြင့် ခံစစ်ကစားသမား ရီဂွီလွန်ကို အငှားစာချုပ်ဖြင့် အရေးပေါ် ခေါ်ယူခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# Next Gen ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဆင့်သို့ အာသာဖီနင့်မက်ဂျိုဗစ်တို့တက်ရောက်



**ဂျက်ဒါး ဒီဇင်ဘာ ၂**

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့တွင် ကျင်းပနေသည့် Next Gen ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များတွင် အနိုင်ရရှိခဲ့ကြသည့် ပြင်သစ်တင်းနစ်ကစားသမား အာသာဖီနှင့် ဆားဘီးယားတင်းနစ်ကစားသမားမက်ဂျိုဗစ်တို့သည် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အာသာဖီသည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် ဗန်အက်ချီကို (၂-၄၊ ၄-၂၊ ၄-၃၊ ၄-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆားဘီးယား တင်းနစ်ကစားသမားမက်ဂျိုဗစ်က ဆွစ်ဇာလန်တင်းနစ်ကစားသမား စထရစ်ကာကို(၄-၃၊ ၂-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့တက်ရောက်ခွင့်ရခဲ့သည်။

စထရစ်ကာသည် ပွဲကစားနေစဉ်အတွင်း နောက်ကျောဒဏ်ရာရရှိခဲ့သည့်အတွက် ဒုတိယပွဲငယ်ကိုပြီးဆုံးအောင် ကစားနိုင်ခဲ့ခြင်းမရှိဘဲ အရှုံးပေးခဲ့သည်။

အာသာဖီနှင့် ဗန်အက်ချီတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့်ပွဲစဉ်ဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာလည်း ၁ နာရီ ၃၇ မိနစ်ထိကြာမြင့်ခဲ့သည်။

အာသာဖီက "လက်ပြန်ရိုက်ချက်တွေကို အဓိကအသုံးပြုခဲ့ပြီးတော့ ရိုက်ချက်တိုင်းကိုအာရုံစိုက်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ပေမဲ့လဲ အမှားတွေကိုပြင်ဆင်ပြီးတော့ ရလဒ်ကောင်းပြန်ရအောင် ကြိုးစားနိုင်ခဲ့တယ်။ တတိယပွဲငယ်နဲ့ စတုတ္ထပွဲငယ်မှာ tie-break ထိကစားနိုင်ခဲ့တဲ့အတွက်လဲ အားရမှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဂျူဗင်တပ်အသင်းက စာချုပ်သက်တမ်းတိုးရန်ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့သည့် ဗလာဟိုဗစ်ကို ရောင်းချရန်ဆုံးဖြတ်

**ရောမ ဒီဇင်ဘာ ၂**

ဂျူဗင်တပ် အသင်းသည် တိုက်စစ်မှူးဗလာဟိုဗစ်ကို လုပ်ခလစာလျှော့၍ စာချုပ်သက်တမ်းတိုးရန်ဆွေးနွေးခဲ့ရာ ကစားသမားအနေဖြင့် လက်မခံဘဲငြင်းဆိုခဲ့သောကြောင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ပုံစံကောင်းရရှိရန်ရုန်းကန်နေရသော်လည်း အသင်းအနေဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ လုပ်ခလစာဖြတ်တောက်ခံရမည့် သဘောတူညီချက်ကြောင့် လက်မခံဘဲစာချုပ်သစ်ကိစ္စကိုငြင်းဆိုခဲ့ရာ ဂျူဗင်တပ်အသင်းတာဝန်ရှိသူများက ကမ်းလှမ်းမှုကိုရုပ်သိမ်း၍ လာမည့်အပြောင်းအရွှေ့တွင် ရောင်းချရန်စီစဉ်လျက်ရှိသည်။

လက်ရှိတွင် ဗလာဟိုဗစ်ကို ကာလရှည် စိတ်ဝင်စားနေသည့် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းကခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်နေပြီး အသင်းအနေဖြင့် တိုက်စစ်မှူး ဂျီးဆပ်ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသော်လည်း တောင်ပံကစားသမား အန်ကေးတီးယားနှင့် ကိုင်ဟာဗက်တို့၏နေရာတွင် ထည့်သွင်းအသုံးပြုလိုသောကြောင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၆ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းသို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ရန်ရုန်းကန်ခဲ့ရကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၁ ပွဲတွင် ခုနစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး သွင်းဂိုး ငါးဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် ဂျူဗင်တပ်အသင်းက ၎င်းကိုရောင်းချကာ အသင်း၏ဘဏ္ဍာရေး အကျပ်အတည်းကို ဖြေရှင်းနိုင်ရန်ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်သို့ပြောင်းရွှေ့ရန် ပစ်မှတ်ထားနေသည့် တိုက်စစ်မှူးဂီရက်ဆီကို မန်ယူအသင်းကလည်း စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၁၅ ဒသမ ၂ သန်းဖြင့်ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။
- ဝင်ငွေထွက်ငွေစည်းမျဉ်းချိုးဖောက်ခဲ့မှုကြောင့် ရမှတ် ၁၀ မှတ်လျှော့ချခံရသည့်အဲဗာတန်အသင်းက ပရီးမီးယားလိဂ်အဖွဲ့ချုပ်သို့ အယူခံတင်သွင်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝင်ဘာလေကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးနေးရှင်းလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်အသင်းက နယ်သာလန်အသင်းကို နောက်ကျသွင်းဂိုးများသွင်းယူကာ သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ကြောင်း သိရသည်။

**ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၄) ရလဒ်

| | | | | | |
|---|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၁ | ဝုဗ် | |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | လူတန် | |
| ဘန်လေ | ၅ | - | ၀ | ရှက်ဖီးလ်(ယူ) | (၀၄၀) |

# ချဲလ်ဆီးအသင်းက ပိုချက်တီနို၏နေရာတွင် ဂျူဗင်တပ်နည်းပြအယ်လီဂရီနှင့် အစားထိုးရန်ပြင်ဆင်

**လန်ဒန် ဒီဇင်ဘာ ၂**

ချဲလ်ဆီးအသင်းသည် နယူးကာဆယ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြပိုချက်တီနိုနေရာတွင် အစားထိုးနိုင်ရန်အတွက် ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီကိုချိတ်ဆက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

နည်းပြပိုချက်တီနိုသည် ချဲလ်ဆီးအသင်းနှင့် ပြီးခဲ့သည့်နွေရာသီက စတင်လက်တွဲခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းကိုရလဒ်ပိုင်း တိုးတက်အောင်လုပ်ဆောင်နိုင်ခြင်းမရှိခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ယခုနှစ်ဘောလုံးရာသီကုန်ထိ စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်ပိုင်း တိုးတက်မှုမရှိပါက ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် နည်းပြအယ်လီဂရီနှင့်အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပိုင်းတည်ငြိမ်မှုရရှိရန် ရုန်းကန်နေရသော်လည်း ခြေစွမ်းပိုင်းထက်မြက်နေသည့် စပါးအသင်းကို လေးဂိုး တစ်ဂိုး၊ လက်ရှိချန်ပီယံမန်စီးတီးအသင်းကို လေးဂိုးစီသရေရလဒ်ကစားနိုင်ခဲ့ရာ အသင်းအနေဖြင့် လမ်းကြောင်းပေါ်သို့ရောက်ရှိလာသည်ဟုထင်ရသော်လည်း ပြီးခဲ့သည့်အမှတ်ပေးပွဲစဉ်တွင် နယူးကာဆယ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ကာ ပုံစံကောင်းရရှိရန် ကြိုးပမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါရှုံးပွဲကြောင့် အသင်းအနေဖြင့် အမှတ်ပေးပွဲ ၁၃ ပွဲကစားအပြီးတွင် ရမှတ် ၁၆ မှတ်သာရရှိခဲ့ပြီး အဆင့်(၁၀)တွင်ရပ်တည်ခဲ့သဖြင့် ဥရောပဝင်ခွင့်ရရှိရန်အဆင့်(၄)နေရာမှ အေဗီလာအသင်းနှင့် ရမှတ် ၁၂ မှတ်ထိပြတ်တောက်ခဲ့သောကြောင့် အသင်းပိုင်ရှင်တော့ဘိုလီက နည်းပြပိုချက်တီနို၏စွမ်းဆောင်ရည်ကိုစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အသင်းကိုဦးဆောင်နိုင်မည့် နည်းပြသစ်တစ်ဦးရှာဖွေရန် စီစဉ်ခဲ့ကြောင်း သိရသည်။



**Ref : RT**
**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရခိုင်ယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ကိုးမိနစ်တွင် ထရာအိုရေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ကချင်ယူနိုက်တက်အသင်းကလည်း ချေပဂိုးအတွက် အခွင့်အရေး ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ကချင်ယူနိုက်တက်အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများ ရရှိရေးအတွက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၄၉ မိနစ်တွင် ကောင်းစည်သူက ရခိုင်ယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

လက်ကျန် ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်အချို့ ရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# Hero World Challenge ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျော်ဒန်စပိုက်နှင့် ရှက်ဖလာတို့ ပူးတွဲဦးဆောင်

**နာဆော ဒီဇင်ဘာ ၂**

ဘဟားမားစ်နိုင်ငံတွင် ကျင်းပနေသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂျော်ဒန်စပိုက်နှင့် ရှက်ဖလာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဟားမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တစ်နိုင်ငံတည်းသားဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်သည့် ဂျက်စတင်သောမတ်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဒုတိယနေ့တွင် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်နှင့် ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား ဂျက်ဆင်ဒေးတို့ကလည်း ရလဒ်ကောင်းများစွမ်းဆောင်နိုင်ခဲ့သလို တိုက်ဂါးဝုဒ်သည်လည်း ပထမနေ့ကထက် ရလဒ်ကောင်းအောင် ကစားနိုင်ခဲ့သည်။

ဒုတိယနေ့အတွက် ရလဒ်အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သည့် ပြိုင်ပွဲဝင်မှာ ရှက်ဖလာဖြစ်ပြီး ဒုတိယနေ့ရလဒ်ကြောင့် အမှတ်ပေးဇယားထိပ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရှက်ဖလာက "ဒုတိယနေ့မှာ အခွင့်အရေးကောင်းတွေအများကြီး ရခဲ့ပါတယ်။ ပထမနေ့ထက် အများကြီးကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ ရိုက်ချက်တိုင်းက Solid ဖြစ်ပြီးတော့ ဒုတိယနေ့ရဲ့ ကျင်းနံပါတ်(၈)နဲ့ ကျင်းနံပါတ်(၁၈)မှာလဲ အမှားအယွင်း တချို့ရှိခဲ့ပါတယ်။ ဒီနှစ်ကျင်းကလွဲလို့ ကျန်တဲ့ကျင်းအားလုံးမှာ Solid ဖြစ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ရီးရဲလ်မက်ဒရစ်က တိုက်စစ်မှူးအမ်ဘာက်ပီကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပြင်ဆင်

**မက်ဒရစ် ဒီဇင်ဘာ ၂**

ရီးရဲလ်မက်ဒရစ် အသင်းက ကာလရှည်ခေါ်ယူရန် ကြိုးပမ်းနေသည့် ပီအက်စ်ဂျီအသင်းမှ အမ်ဘာက်ပီကို ခေါ်ယူရန်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ဆွေးနွေးမှုပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ပီအက်စ်ဂျီအသင်းနှင့် အမ်ဘာက်ပီတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၄ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် စည်းမျဉ်းများအရ အမ်ဘာက်ပီအနေဖြင့် ပြောင်းရွှေ့လိုသည့်အသင်းနှင့် လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် တရားဝင်ဆွေးနွေးနိုင်မည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အမ်ဘာက်ပီကိုခေါ်ယူရန် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလနှစ်ခု ကတည်းက ကာလရှည်ကြိုးပမ်းနေခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရီးရဲလ်မက်ဒရစ်အသင်းက အမ်ဘာက်ပီကို ခေါ်ယူရန်နီးစပ်ခဲ့ပြီး အမ်ဘာက်ပီကိုယ်တိုင်ကလည်း အသင်းထံမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်းရွှေ့ခွင့် တောင်းဆိုခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက ပယ်ချခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

အမ်ဘာက်ပီကို ယခုနှစ်ဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် ပရီးမီးယားလိဂ်ထိပ်တန်း အသင်းများကလည်း ခေါ်ယူရန် ပြင်ဆင်နေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ရာသီမကုန်ဆုံးမီ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကြိုတင်သဘောတူညီမှုရရှိရန် ပြင်ဆင်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ရာသီဥတုဆိုးရွားမှုကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယူနီယံဘာလင်အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း ဂျာမန်ဘွန်ဒက်လီဂါအဖွဲ့ချုပ် ထုတ်ပြန်

**မြူးနစ် ဒီဇင်ဘာ ၂**

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဆီးနှင်းများစွာကျပြီး ရာသီဥတုဆိုးရွားနေသည့်အတွက် ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၃)အဖြစ် ကစားမည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယူနီယံဘာလင်အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့သည်ဟု ဂျာမန်ဘွန်ဒက်လီဂါအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်ကို ယနေ့တွင် ဘိုင်ယန်မြူးနစ်အသင်း၏အိမ်ကွင်းဖြစ်သည့် ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ အရီနာအားကစားကွင်းတွင် ကစားရမည်ဖြစ်သော်လည်း အားကစားကွင်းတွင် ဆီးနှင်းများစွာကျရောက်ပြီး ပွဲစဉ်ကိုကစားရန် မဖြစ်နိုင်သည့် အခြေအနေများကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းကတည်းက မြူးနစ်မြို့တွင် ဆီးနှင်းများစွာကျရောက်ပြီး ရာသီဥတုဆိုးရွားနေခြင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းကစားသမားများအနေဖြင့် အသင်းလေ့ကျင့်ရေးအစီအစဉ်ကို ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့ရပြီး ခန္ဓာကိုယ်တစ်ခုလုံးလုံခြုံစွာဝတ်ဆင်၍ မျက်စိသာပေါ်သည့် သီးသန့်လေ့ကျင့်ရေးဝတ်စုံများဖြင့် လုပ်ဆောင်ခဲ့ရသည်။

ရာသီဥတုဆိုးရွားနေမှုကြောင့် နှစ်ဖက်အသင်း တာဝန်ရှိသူများအနေဖြင့် ပွဲစဉ်ရွှေ့ဆိုင်းရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါ အဖွဲ့ချုပ်ထံ တင်ပြတောင်းဆိုခဲ့ရာမှ ဂျာမန်ဘွန်ဒက်လီဂါ အဖွဲ့ချုပ်ကလည်း ခွင့်ပြုပေးခဲ့သည့်အတွက် တရားဝင်ရွှေ့ဆိုင်းခဲ့ပြီး ပြန်လည်ကျင်းပမည့်ရက်ကို နှစ်ဖက်အသင်းတာဝန်ရှိသူများနှင့် ဂျာမန်ဘွန်ဒက်လီဂါ အဖွဲ့ချုပ်တို့ ဆွေးနွေးမှုပြုလုပ်ပြီး ပြန်လည်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုချမ် | ၃ | - | ၁ | ဝုဖ်ဘတ် |
| ဂလာဘတ် | ၂ | - | ၁ | ဟော်ဖန်ဟိမ်း |
| လိုက်ပ်ဇစ် | ၂ | - | ၁ | ဟိုဒန်ဟိမ်း |

(၀၄၀)

# EBU European လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို ဂါဗင်ဂွမ်း ဆွတ်ခူး



**လန်ဒန် ဒီဇင်ဘာ ၂**

EBU European လိုက်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အင်္ဂလန်လက်ဝှေ့သမား ဂါဗင်ဂွမ်းနှင့် အီတလီလက်ဝှေ့သမားအီမီလီယာနိုတို့ လန်ဒန်မြို့တွင် ဒီဇင်ဘာ ၁ ရက်က ထိုးသတ်ခဲ့ရာ ဂါဗင်ဂွမ်းက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီမီလီယာနိုသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သော်လည်း ဂါဗင်ဂွမ်းနှင့်ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အရှုံးပေးခဲ့ရခြင်းလည်း ဖြစ်သည်။

ဂါဗင်ဂွမ်းသည် အရပ် မြောက်ပေရှိသည့် လက်ဝှေ့သမားဖြစ်ပြီး အီမီလီယာနိုမှာ အရပ်ငါးပေ ခြောက်လက်မသာရှိခဲ့ပြီး အရပ်အမြင့်ကွာဟမှုကို ဂါဗင်ဂွမ်းက အကောင်းဆုံးအသုံးချနိုင်ခဲ့သော်လည်း အီမီလီယာနိုသည် ကြံ့ခိုင်မှုပိုကောင်းသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် အရှုံးပေးခဲ့ရခြင်းလည်းဖြစ်သည်။

ဂါဗင်ဂွမ်းသည် အရပ်မြင့်သည့် အားသာချက်ဖြင့် အီမီလီယာနိုကို တောက်လျှောက် ဖိအားပေးခဲ့ပြီး အားပါပြင်းထန်သည့် ထိုးချက်များကြောင့် အီမီလီယာနိုအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသော ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဂါဗင်ဂွမ်းသည် BBB of C British လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် လိုက်ဝိတ်တန်းတွင် ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်သွားခဲ့သည်။

ဂါဗင်ဂွမ်းက "ကျွန်တော့်အနေနဲ့ ကြိုးဝိုင်းအတွင်းမှာ ထိုးသတ်နေရတာကို သဘောကျတယ်။ အီမီလီယာနိုဟာ ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမား တစ်ယောက်ဖြစ်သလို ကြံ့ခိုင်မှုကောင်းတဲ့ လက်ဝှေ့သမား တစ်ယောက်လဲ ဖြစ်ပါတယ်။ သူနဲ့ထိုးသတ်မဲ့ပွဲစဉ်အတွက် ကျွန်တော့်ရဲ့နည်းပြအဖွဲ့နဲ့ မိတ်ဆွေတွေဆီကနေ အကြံကောင်းတစ်ချို့ရခဲ့ပါတယ်။ အီမီလီယာနိုနဲ့ ထိုးသတ်မယ်ဆိုရင် တောက်လျှောက်ဖိအားပေး ထိုးသတ်ပြီးတော့ Jab ထိုးချက်တွေကို အဆက်မပြတ်ထိုးနိုင်ဖို့ပါပဲ။ အကြံပေးချက်တွေအတိုင်းအကောင်းဆုံးလုပ်ပြနိုင်ခဲ့သလို ပရိသတ်တွေကိုလဲဖျော်ဖြေမှုအပြည့်အဝပေးနိုင်ခဲ့တယ်။ အီမီလီယာနိုကို ပထမဆုံးရှုံးပွဲကြုံတွေ့စေခဲ့တဲ့ ကစားသမားဖြစ်ခွင့်ရတဲ့အတွက်လဲ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

**၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့**

**International Day of Persons with Disabilities (2023)**

**"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"**

**"United in action to rescue and achieve the SDGs for, with and by persons with disabilities"**

**၃.၁၂.၂၀၂၃** **နေပြည်တော်**

ကုလသမဂ္ဂသည် လူသားများအကျိုးအတွက် ကမ္ဘာ့ကျန်းမာရေးနေ့၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့၊ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ စသည်ဖြင့် အသီးသီးသတ်မှတ်ထားရှိသည်။ ၎င်းတို့အနက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သည် တစ်မူထူးခြားနေသည်။ အဘယ်ကြောင့်ဆိုသော် အခြားနေ့များမှာ တည်ရှိပြီးသားရုပ်ဝတ္ထုများကို ပိုမိုရှင်သန်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆိုသည်မှာ ပျက်စီးယိုယွင်းနေသည့် ရုပ်ဝတ္ထုများကို ပြုပြင်ပေးမှု သဘောတရားပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သည် နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည်။

မသန်စွမ်းသူဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေသူကို ခေါ်ဆိုသည်။ ၎င်းချို့ယွင်းချက်များသည် လူသားများ မွေးကင်းစအရွယ် သို့မဟုတ် လူတစ်ဦး၏ နေထိုင်ရှင်သန်ရာ တစ်သက်တာကာလအတွင်း ဖြစ်ပေါ်ခံစားရတတ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာနှင့် အာရုံခံစနစ်ချို့ယွင်းချက်တို့က လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာပါဝင်မှုကို ဟန့်တားစေသည်။ မသန်စွမ်းဆိုသည်ကို အလွယ်တကူ ကောက်ချက်ချရမည်ဆိုလျှင် မျက်စိမမြင်မှု၊ နားမကြားမှု၊ ခြေလက်အင်္ဂါအစိတ်အပိုင်း ပျက်စီးမှုတို့ပင်ဖြစ်ပေသည်။ သာမန်မမြင်နိုင်၊ မသိနိုင်သော ဉာဏ်ရည်မမီခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်း၊ စကားမပြောတတ်ခြင်းတို့ကိုလည်း မသန်စွမ်းဟု ခေါ်ဆိုနိုင်သည်။ ထို့ပြင် ပန်းနာရင်ကျပ်ရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါနှင့် နာတာရှည်ပင်ပန်းနွမ်းနယ်မှုရောဂါတို့ကိုလည်း မသန်စွမ်းဟု ခေါ်ဆိုနိုင်ကြောင်း လေ့လာသိရှိရသည်။ မသန်စွမ်းသူများမှာ လူ့အဖွဲ့အစည်းအတွင်းမှ ဖယ်ထုတ်ခြင်းကိုခံရတတ်ပေသည်။ ပုံမှန်အခြေအနေတစ်ရပ်တွင် မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့တွင်ပါဝင်ရန် အခွင့်အလမ်းနည်းပါးကြသည်။ သာမန်ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုတို့ လျော့နည်းသွားမည်ဆိုလျှင် ၎င်းတို့တွင် ဆိုးရွားသည့်ရလဒ်များ တိုးလာနိုင်ပေသည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ တိုးမြှင့်ရန် ပထမဦးဆုံးဖြစ်သည့် မသန်စွမ်းရပိုင်ခွင့် နည်းဗျူဟာတစ်ရပ်ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသည့် (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) အရ အဆိုပါဗျူဟာချမှတ်ခဲ့သည့် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (International Day of Persons with Disabilities)အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ လူ့အဖွဲ့အစည်းတိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် မသန်စွမ်းသူများအတွက် သုခချမ်းသာအခွင့်အရေးများကို မြှင့်တင်ပေးရန်ဆိုသော ရည်ရွယ်ချက်ကိုထားရှိသည်။ ထို့ပြင် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention on The Right Of Persons with Disabilities - UNCRPD)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့ရာ နိုင်ငံပေါင်း ၁၇၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

မသန်စွမ်းသူများ၏ဘဝတွင် ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှရပိုင်ခွင့်များ၊ ပူးပေါင်းလုပ်ဆောင်နိုင်မှုများ စသောစိန်ခေါ်မှုများကို ထိရောက်စွာဖြေရှင်းပေးရန် လိုအပ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရကြောင်း လေ့လာသိရှိရသည်။ ထိုပမာဏကိုကြည့်လျှင် ကမ္ဘာ့မသန်စွမ်းသူအရေးကို သတိပြုမိလာကြရာ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ အလုပ်အကိုင်ခွဲခြားဆက်ဆံခံရမှုသည် မသန်စွမ်းသူများအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းများ၊ ကျန်းမာရေးအတတ်ပညာရှင်များက မသန်စွမ်းသူများ၏ အတွေ့အကြုံများကိုလေ့လာပြီး လူမှုစီးပွားတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့မှသာ သူတို့ရင်ဆိုင်နေရသည့် အခက်အခဲများကို လျှော့ချနိုင်မည်ဖြစ်ပေသည်။

မသန်မစွမ်းဆိုသည့်အသုံးအနှုန်းမှာ မသန်လည်း မသန်၊ စွမ်းဆောင်နိုင်မှုလည်းမရှိ ဆိုသည့်အဓိပ္ပာယ်သက်ရောက်နေခြင်းကြောင့် မသန်စွမ်းဆိုသောစကားကို ၁၉၉၄ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့မှစတင် ပြောင်းလဲခေါ်ဝေါ်သုံးစွဲရန် လူမှုဝန်ထမ်းဝန်ကြီးဌာနက တရားဝင်သတ်မှတ်ခဲ့သည်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုသော စကားကဲ့သို့ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏အရေးကို ခေတ်အဆက်ဆက်ကတည်းက ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်ကြသည်။ မသန်စွမ်းကလေးသူငယ်များ အခြေအနေလေ့လာဆန်းစစ်ချက် (၂၀၁၆) အရ နိုင်ငံတစ်ဝန်း၌ မသန်စွမ်းကလေးသူငယ် ဦးရေ ၂၃၂၀၀၀ ခန့်ရှိပြီး သုံးဦးအနက် နှစ်ဦးက ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေး၊ စာဖတ်တတ်ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဝင်ရောက်ခဲ့သည်။ အရှေ့တောင်အာရှတွင် အကြီးကျယ်အခမ်းနားဆုံးဖြစ်သော မသန်စွမ်းသူများညီလာခံကို ၂၀၁၄ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၂ ရက်ထိ ကျင်းပခဲ့ရာ မသန်စွမ်းကိုယ်စားလှယ်ဦးရေ ၅၅၀ တက်ရောက်ခဲ့၏။ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်၊ ကုလသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံးက တန်းတူညီမျှ အပြည့်အဝရရှိစေရန်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ စသည့်နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူပေါင်းစည်းပါဝင်နိုင်ရန် စသည့်ရည်ရွယ်ချက်များကို ချမှတ်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၅)ကို ရေးဆွဲကာ ပြန်လည်ထူထောင်ရေး၊ မသန်စွမ်းအဆင့်သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့်ရန်ပုံငွေတစ်ရပ် ထူထောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရန်ကုန်နှင့်စစ်ကိုင်းမြို့တွင် မျက်မမြင်ကျောင်းများ၊ ရန်ကုန်နှင့် မန္တလေးမြို့တွင် နားမကြားသောကလေးများကျောင်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့၌ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ကို ဖွင့်လှစ်ထားရှိသည်။ ထို့ပြင် မျက်မမြင်အကြောပြင် အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေးစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံကိန်း၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည်မှာ အားရဖွယ်ကောင်းလှပေသည်။

ကုလသမဂ္ဂ၏ မသန်စွမ်းသူများ အခွင့်အရေးသဘောတူစာချုပ်တွင် မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူအပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများဟု အတိအလင်း ဖော်ပြထားရှိသည်။ မသန်စွမ်းသူများ၏ဘဝတွင် နိစ္စဓူဝခံစားတွေ့ကြုံနေရသော အခက်အခဲအတားအဆီးများမှာ ၎င်းတို့၏ မပြည့်စုံမှုကြောင့်မဟုတ်ဘဲ ရင်ဆိုင်တွေ့ကြုံနေရသည့် ပတ်ဝန်းကျင်အတားအဆီးများကလည်း ပါဝင်ပတ်သက်နေသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH နှင့် NUG အဖွဲ့တို့က သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် အကြမ်းဖက်မှုများကိုလုပ်ဆောင်လျက်ရှိရာ အချို့ပြည်သူတို့ မသန်စွမ်းဖြစ်သွားရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။

အချုပ်အားဖြင့် ကမ္ဘာ့တစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၄ ခုနှစ်မှစတင်ကျင်းပခဲ့သည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့(United in action to rescue and achieve the SDGs for, with and by persons with disabilities"ဟူ၍ ဖြစ်သည်။ မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူသားအားလုံးက ကူညီဆောင်ရွက်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံသားများ ရရှိခံစားသင့်သော အခွင့်အရေးများကို စနစ်တကျ သာတူညီမျှရှိရန် လွန်စွာအရေးကြီးလှသည်။ မသန်စွမ်းသူများမှာလည်း နိုင်ငံသားများဖြစ်ကြပေရာ ၎င်းတို့၏အကျိုးကို နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူအပေါင်းကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

**❖ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကိုကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ တိုးမြှင့်ရန် ပထမဦးဆုံးဖြစ်သည့် မသန်စွမ်းရပိုင်ခွင့်နည်းဗျူဟာတစ်ရပ်ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင်ကျင်းပသည့် (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) အရ အဆိုပါဗျူဟာချမှတ်ခဲ့သည့် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (International Day of Persons with Disabilities)အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ ❖**

**ကိုးကား**

- **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲအညွှန်းစာအုပ်။**

# ပဲခူးတိုင်းဒေသကြီး ရွှေနတ်တောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ရတနာဂီရိ နတ်ရေကန်တော်ကြီးအတွက် သရုပ်ဆောင် ခန့်စည်သူနှင့်အလှူရှင်များက အလှူငွေလှူဒါန်း




**ရန်ကုန် ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီးတွင် ရွှေနတ်တောင် စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ရတနာဂီရိနတ်ရေကန်တော်ကြီး ဘက်စုံတည်ဆောက်ခြင်းတို့အတွက် သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက အလှူငွေများလှူဒါန်းခြင်းကို ဒီဇင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ကြောင်းငင်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ခန့်စည်သူနှင့်အလှူရှင်များသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့တွင် အဆိုပါ အလှူတော်များကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၁၂၁ သိန်းဖြစ်ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ ရွှေဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးရဲ့ဝတ္တကမြေအတွင်းမှာရှိတဲ့ ရတနာဂီရိနတ်ရေကန်တော်ကြီးကို ရှေးမူမပျက် ဘက်စုံတည်ဆောက်ခြင်းအတွက် ရေစက်ချမင်္ဂလာ၊ စေတီတော်ကြီး၏ဩဝါဒါစရိယ၊ မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တသံဝရနဲ့ သံဃာတော် ၁၅ ပါးတို့အား သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာ၊ ကံကြီးသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော်နဲ့သံဃာတော်တွေအား ဆန်၊ ဆီ၊ ဆေး၊ ဆား ပစ္စည်းလေးပါးနဲ့ ငွေတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ အလှူမင်္ဂလာနဲ့ဗိုလ်ရုံကျောင်း၊ မဟာစည်ကျောင်း၊ အမ္ဘာရာမကျောင်း၊ ကံကြီးကျောင်းတိုက်တို့ရှိ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးတွေအား ဆွမ်းဆန်စိမ်းနဲ့ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လောင်းလှူခြင်းနဲ့ ရွှေနတ်တောင်စေတီတော်မြတ်ကြီးရဲ့ရင်ပြင်တော် တိုးချဲ့တည်ဆောက်ဖို့အတွက် စုစုပေါင်း အလှူငွေကျပ် ၁၂၁ သိန်းတို့အား နိဗ္ဗာန်ရည်မှန်း စုပေါင်းလှူဒါန်းခဲ့ကြပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူမိသားစုသည် နိုဝင်ဘာ ၂၇ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရှိ နန်းဦးရုပ်ပွားတော်မြတ်အား နှစ်စဉ်အလှူအဖြစ် ဝဏ္ဏပဘာ ရက်ကန်းစင်တော်မှ ရက်လုပ်သော မသိုးသင်္ကန်းတော်ကို ကပ်လှူခဲ့ကြောင်း သိရသည်။

ASH

# The Black phone နောက်ဆက်တွဲဇာတ်ကား၌ မင်းသား အီသန်ဟော့ ပြန်လည်ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၂**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ The Black Phone နောက်ဆက်တွဲဇာတ်ကားတွင် မင်းသား အီသန်ဟော့၏ The Grabber ဇာတ်ကောင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် The Black Phone နောက်ဆက်တွဲဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို Blumhouse ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

The Black Phone နောက်ဆက်တွဲဇာတ်ကားကို မူလ The Black Phone ဒါရိုက်တာ စကော့ဒါရစ်ဆင်ကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မူလ The Black Phone (2021) ဇာတ်ကားတွင် မင်းသား အီသန်ဟော့ သရုပ်ဆောင်ထားသည့် The Grabber ဇာတ်ကောင်သည် ဇာတ်ကား၏အဓိကဗီလိန်ဖြစ်သည်။

The Black Phone နောက်ဆက်တွဲဇာတ်ကားသည် မင်းသား အီသန်ဟော့နှင့် Blumhouse တို့ကြား နဝမအကြိမ်မြောက်လက်တွဲ ပူးပေါင်းမှုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**





# Miss CosmoWorld 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကြည်ဖြူခင်က Miss Popularity Award ဆု ဆွတ်ခူးရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂**

မလေးရှားနိုင်ငံတွင် ကျင်းပသည့် Miss CosmoWorld 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကြည်ဖြူခင်က Miss Popularity Award ဆု ဆွတ်ခူးရရှိခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကြည်ဖြူခင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် နိုဝင်ဘာ ၁၅ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ကျင်းပခဲ့သည့် Miss CosmoWorld 2023 ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၀ မှ နိုင်ငံကိုယ်စားပြုအလှမယ်များနှင့်အတူ ယှဉ်ပြိုင်ခဲ့ရာတွင် Miss Popularity Award ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ခုနစ်နှစ်တာ Pageant Journey မှာ ပထမဆုံးအကြိမ် မြန်မာကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နိုင်ငံအားလုံးထဲကနေ Top 5 Finalists ကို တစ်ခါတည်း ရွေးချယ်တာမှ Top 5 Finalists စာရင်းထဲကို ဝင်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပေမဲ့ မြန်မာနိုင်ငံက ပရိသတ်တွေက ပေးတဲ့ Voting တွေနဲ့အတူ Miss Popularity Award ကို ရယူနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံက နိုင်ငံကိုယ်စားပြုအလှမယ်ကို Vote ပေးခဲ့ကြတဲ့ တစ်ယောက်ချင်းစီကို ကျေးဇူးတင်ပါတယ်။ နောက်ထပ်လဲ အခွင့်ရှိရင် သေချာကြိုးစားပြီး ထပ်ပြိုင်ချင်ပါသေးတယ်"ဟု အလှမယ် ကြည်ဖြူခင်က ပြောပြသည်။




Miss CosmoWorld 2023 ပြိုင်ပွဲတွင် Miss CosmoWorld 2023 Winner ဆုကို အမေရိကန်နိုင်ငံကိုယ်စားပြုအလှမယ်ကလည်းကောင်း ၊ 1st Runner Up ဆုကို ဖိလစ်ပိုင်နိုင်ငံကိုယ်စားပြုအလှမယ်ကလည်းကောင်း၊ 2nd Runner Up ဆုကို ယူကရိန်းနိုင်ငံကိုယ်စားပြုအလှမယ်ကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

ASH

# Beetlejuice-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဒီဇင်ဘာ ၂**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Beetlejuice-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာကျော် ထိတ်လန့်သည်းဖိုဟာသဇာတ်ကားဖြစ်သည့် Beetlejuice (1988)၏ တိုက်ရိုက်နောက်ဆက်တွဲ ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများပြီးဆုံးမှုကို ဒါရိုက်တာ တင်ဘာတန်က အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုကြေညာထားခြင်းဖြစ်သည်။

Beetlejuice-2 ဇာတ်ကား၌ မူလ Beetlejuice မှ မင်းသား မိုက်ကယ်ခေတန်၊ မင်းသမီး ကတ်သရင်းအိုဟာရားနှင့် ဝီနိုနာရိုင်ဒါတို့က မူလဇာတ်ကောင်နေရာများမှာပင် ပြန်လည်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ထို့နည်းတူ Beetlejuice-2 ၏ ဇာတ်ကောင်သစ်များနေရာတွင်လည်း မင်းသမီး ဂျင်နာအော်တေးဂါ၊ မိုနီကာဘယ်လူရီနှင့် မင်းသား ဝီလမ်ဒါဖိုးတို့လည်း ပါဝင်ထားကြောင်း သိရသည်။

Beetlejuice-2 ဇာတ်ကားကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# Apprentice ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဆီဘက်ရှန်စတန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၂**

မင်းသား ဆီဘက်ရှန်စတန်းသည် Apprentice အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Apprentice ဇာတ်ကားတွင် မင်းသား ဆီဘက်ရှန်စတန်းသည် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်၏ လူငယ်ပိုင်းဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Apprentice ဇာတ်ကားသည် ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ် နယူးယောက်မြို့ကို နောက်ခံထား၍ ဒေါ်နယ်ထရန့်အနေဖြင့် ၎င်း၏ စီးပွားရေးအင်ပါယာကို မည်သို့တည်ဆောက်ခဲ့သည်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဆီဘက်ရှန်စတန်းနှင့်အတူ မင်းသား ဂျရမီစထရောင်းနှင့် မင်းသမီး မာရီယာကာကာလိုဗာတို့လည်း ပါဝင်မည်ဖြစ်သည်။

Apprentice ဇာတ်ကားကို ဒါရိုက်တာ အလီအက်ဘာဆီက ရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# Over 27,000 travellers visit Shwe Thaung Yan Beach in November


Shwe Thaung Yan Beach.

**Pathein December 2**

A total of 27,550 travellers visited Shwe Thaung Yan Beach in Pathein Township, Ayeyawady Region during November, said Daw Cherry Myint, tour in-charge of Shwe Thaung Yan Beach Tourism Association.

It is reported that only 19,555 travellers visited Shwe Thaung Yan Beach, which is one of the tourist areas in Ayeyawady Region, in October, and 27,550 domestic travellers visited the beach during November.

"Last November, many travellers came to Shwe Taingyan Beach. There are many visitors who took a day trip to the beach. There were more visitors during the pre-Tazaungtine period and the full moon of Tazaungmone. Now that the open season has arrived, there will be more travellers coming in the coming December and New Year's holidays. Last November, among the travellers who came to the beach were local visitors as well as foreign tourists," she said.

There are more than 20 hotels and guesthouses in Shwe Thaung Yan Beach, including Shwe Thaung Yan Hotel and Lai Lai Hotel, serving visitors who come to the beach.

KKL

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Locals from Ngaputaw Township plan to plant 2,767 acres of maize in this winter crop planting season

**Ngaputaw December 2**

A total of 2,767 acres of maize will be planted in Ngaputaw Township during this year's winter crop planting season, said U Tun Myo Thant, head of the Agriculture Department for Ngaputaw Township, Ayeyawady Region.

In Ngaputaw Township, 2,767 acres of maize will be planted in the second week of December in this year's winter crop planting season.

It is reported that the Department of Agriculture is conducting field work to educate farmers to avoid the dangers of pests such as leaf folders and leaf hoppers and to have good quality and better yield.

"For winter crop cultivation, farmers are provided with the necessary technical knowledge and other assistance in order to grow winter crops without difficulty. The Department of Agriculture and related departments have also provided support in the field of planting methods and other necessary support to improve the yield of corn crops. We are also continuously working on raising awareness among farmers," he said.


A maize plantation.

KKL

# Some 1,400 acres of vegetable plantations completed in Indaw Township

**Indaw December 2**

During this cultivation season of cold season, a total of 1,400 acres of croplands have been placed under vegetables in Indaw Township of Katha District in Sagaing Region, according to the statistics from the Indaw Township Agriculture Department.

In 2023-24 cultivation season, Indaw Township set a target of cultivation on 3,523 acres of croplands, and local farmers have cultivated vegetables on 1,400 acres of land starting from October this year.

"We set a target of cultivation on 3,523 acres of vegetables this year. So far, we have cultivated 1,400 acres of vegetables.

Local farmers grow coriander, mustard, chilli, tomato, eggplant, cabbage, cauliflower, and ladyfinger plants. We educate local farmers to follow good agricultural practice-GAP. We provide agricultural techniques to local farmers to cultivate crops to be free from chemical residue," said Head of Township Agriculture Department U Thein Khaing.

From October to December 2022-23 financial year, the township cultivated 3,523 acres of vegetables as cold season crops, according to the statistics of the Township Agriculture Department.

This year, the township Agriculture Department is striving for increasing of per-acre yeidl of vegetables, production of healthy crops and following GAP.

In 2023-24 financial year, the township set an aim to cultivate 4,070 acres of vegetables in monsoon but local farmers exceeded the target cultivation of 4,150 acres from May to September. 206

# Sagaing Township completes cultivation of cold season chickpea on 1,266 acres of land

**Sagaing December 2**

During this year's cold season cultivation period, Sagaing Township of Sagaing Region has cultivated more than 3,000 acres of cold season chickpea, according to the office of Sagaing Township Agriculture Department.

The township set an aim to cultivate 28,064 acres of cold season chickpea in 2023-24 cold season but local farmers have placed the bean on 1,266 acres of croplands starting from October this year.

"We target cultivation of more than 28,000 acres of cold season chickpea in Sagaing Township. So far, local farmers have cultivated more than 1,200 acres of chickpea. We are striving for meet the target of cultivation. So, we provide necessary quality seeds, inputs and other post-harvest techniques to local farmers to increase per-acre yield and quality of bean," said Head of Sagaing Township Agriculture Department U Zaw Oo.

Local farmers use high yield strains of chickpea such as Yezin-8 and Yezin-11, and they cost more than K300,000 per acre for cultivation.

Last year, Sagaing Township placed 28,064 acres of croplands under chickpea from October to December 2022. The departmental staff helped local farmers use trigodama fungi in cultivation of pulses and beans. 206


A chickpea plantation.

# Plan underway to commission Yangon-Dala Bridge into service in early 2024



Yangon-Dala Bridge under construction.

**Yangon December 2**

The Ministry of Construction stated that arrangements are being made to commission Yangon-Dala Bridge into service in early 2024.

It is a 1,868 metres long bridge with a 26.5 metres wide motorway. The facility is built of bored piles structures and steel cable suspension.

The bridge can withstand 75 tons of load, and it will be one of the longest bridges of its kind across the nation. Its water clearance is 49 metres high to drive 15,000 tons vessels under it. The total length of the facility is more than 1,800 metres.

The motorway is flanked by four metres wide pedestrian on either side. The facility is formed with a two-way approach bridge on Phonegyi Road on Yangon bank, one one-way bridge to Sule Pagoda and one more to Ahlon Township, totalling three.

The construction project has spent more than US$168 million from the Korean ' s Economic Development Cooperation Fund-EDCF and the State budget as part of enhancing Korea-Myanmar friendly relations.

At present, highway buses lead to Ayeyawady Region from Yangon via Dagon Ayeya highway bus terminal of Hlinethaya Township. Upon completion, the Yangon-Dala bridge will help buses have easy access to Dala from Yangon. As such, Dala Township will have development as from 2024.

336

# World Media Summit expected to bring more fruitful cooperation

**Guangzhou December 2**

World media leaders have expressed their hope for a successful World Media Summit and more fruitful cooperation among media outlets worldwide.

Extending her best wishes virtually to Xinhua for the fifth World Media Summit, Daisy Veerasingham, president and CEO of the Associated Press, said that gatherings of the kind "benefit all news organizations so that we can work together to advance the power of factual journalism."

Noting the urgency to address generative artificial intelligence, a technology that brings both risks and opportunities in a rapidly changing environment, she said, "it's essential that news organizations collaborate to push for a framework that ensures intellectual property is protected, and it's also crucial that news organizations develop standards around the use of this technology."

Echoing her remarks, Fabrice Fries, chairman and CEO of Agence France-Presse (AFP), said, "global media cooperation will be crucial as we look to innovate and grow in the face of so many challenges."

In his congratulatory video message, the chairman wished the Xinhua-hosted summit a success. "Xinhua and AFP have been important partners for many years, and we look forward to fostering that relationship in the years to come."

Xinhua

# More than 4,000 acres of monsoon paddy harvested in Naga Self-Administered Zone this year

**Nanyun December 2**

A total of 4,937 acres of monsoon paddy has been harvested in Naga Self-Administered Zone in Sagaing Region, according to Sagaing Region Agriculture Department.

In 2023-24 monsoon cultivation season, Naga Self-Administered Zone set an aim of cultivation for 25,380 acres of monsoon. Local farmers started cultivation of monsoon paddy from May to September.

They grew 3,330 acres of monsoon paddy, 2,028 in Sumra, 5,884 in Lahe, 1,511 in Htanpakhwe, 2,566 in Nanyun, 4,582 in Donhee and 2,088 in Pansawng.

The authorities set target cultivation for 5,286 acres of monsoon paddy in Leshi, 321 in Sumra, 5,884 in Lahe, 1501 in Htanpakhwe, 2,556 in Nanyun, 4,937 in Donhee and 5,182 in Pansawng, totalling 25,428.

"This monsoon season, Naga Self-Administered Zone grew more than 25,000 acres of monsoon paddy. These paddy are being harvested. Till today, they have harvested more than 4,900 acres of monsoon paddy," said Deputy Head of Sagaing Region Agriculture Department U Aung Kyi Win.



Monsoon paddy being harvested with the help of machinery.

This year, 1,448 acres of monsoon has been harvested in Nanyun Township, 1,950 acres in Donhee and 1,539 acres in Pansawng. So, local farmers have harvested 4,937 acres of monsoon in the zone, and bagged 48.83 baskets per acre of yield.

206

# Israel issues "evacuation map" in full-force raids on Gaza

**Jerusalem December 2**

Israel's army published a map Friday, splitting the Gaza Strip into "evacuation zones" in full-force strikes on the Palestinian enclave following a seven-day truce.

A spokesperson for the Israel Defense Forces (IDF) said in a statement that the online map divides the Gaza Strip into numbered areas, aiming to help civilians understand from which areas they are required to evacuate ahead of Israeli strikes.

The official mentioned that the "evacuation map" serves as a means to help people protect themselves during "the next stage of the war," in which Israel plans to carry out attacks also in the southern Gaza Strip, an area previously labeled by the army as a "safe zone."

Simultaneously, Israeli fighter jets dropped leaflets in southern Gaza, urging residents to leave their homes in the city of Khan Younis and move eastward. The leaflets warned that Khan Younis is now a "dangerous battle zone."

Israel resumed its offensive in Gaza earlier Friday, accusing Hamas of violating the seven-day truce deal to free all women held hostage in Gaza. Prime Minister Benjamin Netanyahu's office said in a statement that Hamas "has not met its obligation to release all of the women hostages today and has launched rockets at Israeli citizens."

According to the Hamas-run health ministry in Gaza, at least 32 people were killed by the Israeli strikes on Friday.

Xinhua



# Dried spiny eel marketable in Bogale Township

**Bogale December 2**

Dried spiny eels are in high demand at the domestic market of Bogale Township in Ayeyawady Region, said Daw Khin Khin, owner of assorted dried fish trading in Bogale.

During the period from the second week of November to date, dried spiny eel are marketable in Bogale Township, selling 200 to 250 viss of dried spiny eel per day. Moreover, local dried fish depots receive offers of purchase from Pathein, Yangon and Nay Pyi Taw.

"We have high demand from Yangon market to purchase dried spiny eel. In fact, dried spiny eel is one of the main businesses of local people. Now, high demand of stock helps increase incomes of local merchants and fishermen," she added.

Dried fish traders in Bogale Township buy fresh spiny eel from local fishermen and keep them under the sun systematically for domestic consumption. At present, dried spiny eel fetches K12,500 to K25,000 per viss and its high demand comes from Yangon market.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက ယူကရိန်းတွင် အဆင့်မြင့် Scalpel Loitering Munition အသစ်ကို တပ်ဖြန့် အသုံးပြုနေ



ရုရှားတပ်ဖွဲ့ဝင်များသည် ယူကရိန်းတွင် Scalpel Loitering Munition တိုက်ခိုက်ရေးလက်နက်အသစ်ကို တပ်ဖြန့်အသုံးပြုနေကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် ရုရှားလူမှုမီဒီယာမှ ထုတ်လွှင့်သည့် ဗီဒီယို ဖိုင်တစ်ခုအရ သိရသည်။

ထိုတပ်ဖြန့်မှုသည် မဟာဗျူဟာများနှင့် နည်းပညာများတွင် ထင်ရှားသောအသွင်ကူးပြောင်းမှုကိုကိုယ်စားပြုနေပြီး အထူးသဖြင့် ရုရှားစစ်ဘက်၏ စစ်ဆင်ရေးများတွင် Scalpel Loitering Munition များ၏ တိုးတက်ဖွံ့ဖြိုးနေသော အခန်းကဏ္ဍကို မီးမောင်းထိုးပြလျက်ရှိသည်။

Kamikaze ဒရုန်းများဟု မကြာခဏခေါ်ဝေါ်လေ့ရှိသော Scalpel Loitering Munition များသည် ဒရုန်းများနှင့် ပဲ့ထိန်းဒုံးကျည်များ၏ ဝိသေသလက္ခဏာများကို ရောနှောကာ ၂၀ ရာစုနှောင်းပိုင်းကတည်းက ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

အဆိုပါစနစ်များကို အမေရိကန်နှင့် အစ္စရေးကဲ့သို့ နိုင်ငံများက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဝေဟင်မှပစ်လွှတ်တိုက်ခိုက်နိုင်သော လက်နက်ခဲယမ်းများနှင့် ဒရုန်းများကြား ကွာဟချက်ကို ပေါင်းကူးအသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်သည်။

ရုရှား-ယူကရိန်း ပဋိပက္ခအခြေအနေတွင် ရုရှားစစ်ဘက်က အဆိုပါ Scalpel Loitering Munition တိုက်ခိုက်ရေးလက်နက်အသစ်များ အသုံးပြုမှုသည် သိသာစွာ တိုးတက်လာခဲ့သည်။ အစပိုင်းတွင် ရုရှားတပ်ဖွဲ့များသည် အမြောက်များနှင့် တင့်၊ သံချပ်ကာတပ်များကို မှီခိုအားထားကာ ၎င်းတို့၏သမားရိုးကျ နည်းဗျူဟာများကို အသုံးပြုနိုင်ခဲ့ကြသည်။

ထိုစနစ်များကို ရုရှားစစ်ဘက်က တပ်ဖြန့်အသုံးပြုလာခြင်းသည် အချိုးမညီသော နည်းဗျူဟာများဆီသို့ မဟာဗျူဟာမြောက် အပြောင်းအလဲကို ထင်ဟပ်စေကာ Scalpel Loitering Munition လက်နက်အသစ်များသည် သိသာထင်ရှားသော အားသာချက်များကို ပေးစွမ်းနိုင်လာခဲ့သည်။ ထို့ပြင် ပစ်မှတ်ဧရိယာတစ်ဝိုက်တွင် အချိန်ကြာမြင့်စွာ တည်ရှိနေနိုင်ပြီး ပစ်မှတ်များကို တိကျစွာစိစစ်ခွဲခြားသတ်မှတ်ကာ ပြင်းထန်စွာ ပစ်ခတ်ဖျက်ဆီးနိုင်စွမ်းရှိသည်။ ထိုစွမ်းရည်သည် ရွေ့လျားနေသော သို့မဟုတ် လျှို့ဝှက်စွာပုံဖျက်ဖုံးကွယ်နေသာပစ်မှတ်များကို ဖော်ထုတ်ခြင်းနှင့် တိုက်ပွဲဝင်နိုင်ခြင်းမျိုးဖြစ်ပြီး ယူကရိန်း အထူးစစ်ဆင်ရေးကဲ့သို့သော ပဋိပက္ခများတွင် အထူးအသုံးဝင်လာကြောင်း သိရသည်။

ထို့ပြင် ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားက Scalpel Loitering Munition တိုက်ခိုက်ရေးလက်နက်အသစ်များ အသုံးပြုခြင်းသည် ခေတ်သစ်စစ်ပွဲ၏ နည်းပညာတိုးတက်ဖွံ့ဖြိုးမှုများနှင့် လိုက်လျောညီထွေရှိမှုကို ပြသနေခြင်းလည်းဖြစ်သည်။ ထို Scalpel Loitering Munition တိုက်ခိုက်ရေးလက်နက်အသစ်များသည် တပ်ဖွဲ့ဝင်များနှင့် တန်ဖိုးကြီးစစ်လက်နက်၊ စက်ပစ္စည်းကိရိယာများကို အန္တရာယ်ရှိမှုအနည်းဆုံးနှင့် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိစေရန် ကုန်ကျစရိတ်သက်သာသော နည်းလမ်းများကို ဆောင်ကြဉ်းပေးနိုင်လာခဲ့သည်။ ၎င်းတို့၏ သေးငယ်သောအရွယ်အစားနှင့် ပျံသန်းမှုလမ်းကြောင်းပုံစံများသည် ၎င်းတို့ကို ရှာဖွေထောက်လှမ်းရန်နှင့် ကြားဖြတ်ပစ်ချရန် ပိုမိုခက်ခဲစေသောကြောင့် သမားရိုးကျလေကြောင်းရန်ကာကွယ်ရေးစနစ်များ ခိုင်မာအားကောင်းသည့် ပတ်ဝန်းကျင်အခြေအနေတွင် အထူးအသုံးဝင်သည်။

Scalpel Loitering Munition သည် လက်ရှိ Lancet မော်ဒယ်များ၏ ဒီဇိုင်းနှင့် တည်ဆောက်ပုံချင်းဆင်တူသော်လည်း ထူးခြားသော အင်္ဂါရပ်များနှင့် အားသာချက်များ ပိုင်ဆိုင်ထားသည်။

၎င်းသည် အခြားသောရုရှားထုတ် အပေါ့စားဒရုန်းများကို ကျော်လွန်ကာ အချို့သောအခန်းကဏ္ဍများနှင့် စွမ်းဆောင်ရည်များတွင် သာလွန်နေပြီးအများသုံးဝှာ တတ်နိုင်သောကုန်ကျစရိတ်ကြောင့် အထူးအားသာနေသည်။

Scalpel စီမံကိန်း၏ အဓိကမီးမောင်းထိုးပြချက်မှာ တိုက်ခိုက်ရေးရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် အသုံးပြုထားသော ဖွဲ့စည်းတည်ဆောက်မှုဒီဇိုင်းပုံစံဖြစ်သည်။ ၎င်း၏ ကျယ်ပြောလှသော Payload တပ်ဆင်နိုင်မည့် နေရာသည် မတူညီသောရည်ရွယ်ချက်များအတွက် အံဝင်ခွင်ကျဖြစ်စေသောထိပ်ဖူးအမျိုးအစားများစွာကို တပ်ဆင်အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ ထိုသို့ ဘက်စုံသုံးနိုင်မှုသည် ဒရုန်းပစ်မှတ်များကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် တိုက်ပွဲဝင်နိုင်ရန် စွမ်းဆောင်ရည်ပိုင်ဆိုင်ထားနိုင်မည်ဖြစ်သည်။ ထို့ပြင် အော်ပရေတာများသည်လက်ရှိ လိုအပ်ချက်များနှင့် ရရှိနိုင်သောခဲယမ်းများပေါ် မူတည်၍ ထိပ်ဖူးများကိုရွေးချယ် အသုံးပြုနိုင်သည်။

**Russia Deploys New Advanced Scalpel Loitering Munition on Ukrainian Battlefield ကို ဘာသာပြန်ဆိုထားပါသည်။**

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ FCAS အစီအစဉ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ပါဝင်မည်

ဘယ်လ်ဂျီယံနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မျိုးဆက်သစ်တိုက်လေယာဉ်အစီအစဉ် (Future Combat Air System-FCAS) တွင် ပါဝင်မည်ဟု တရားဝင်ကြေညာထားကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘယ်လ်ဂျီယံ ကာကွယ်ရေးဝန်ကြီး Ludivine Dedonder က နိုင်ငံအနေဖြင့် ဂျာမနီ၊ ပြင်သစ်နှင့်စပိန်တို့ပြီးလျှင် အဆိုပါအစီအစဉ်အတွက် စတုတ္ထမြောက် မိတ်ဖက်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံသည် ယခုနှစ်အစောပိုင်းတွင် FCAS အစီအစဉ်တွင် ပါဝင်ရန်ရည်ရွယ်ထားသော်လည်း လေ့လာသူ နိုင်ငံတစ်နိုင်ငံအနေဖြင့်သာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုလို တရားဝင်ကြေညာချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ဘယ်လ်ဂျီယံ ကာကွယ်ရေးဝန်ကြီး Dedonder က သုံးနိုင်ငံမိတ်ဖက်ပူးပေါင်းခြင်းသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှု၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ဆန်းသစ်တီထွင်မှုတို့ ပိုင်ဆိုင်နိုင်ရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ကြီးထွားလာနေသော ဒေသတွင်းခြိမ်းခြောက်မှုများကြားတွင် လုံခြုံပြီးသာယာဝပြောသော အနာဂတ်ကိုတည်ဆောက်ရန် ဘယ်လ်ဂျီယံနိုင်ငံအတွက် အဓိကအခွင့်အလမ်းအဖြစ်လည်း Dedonder က အလေးပေး ပြောကြားခဲ့သည်။

အချိန်ပြည့် လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် FCAS အစီအစဉ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ အနာဂတ်အခန်းကဏ္ဍနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

သို့သော်လည်း အစီရင်ခံစာအများအပြားက ယခုလက်ရှိ Phase 1B တွင် ရောက်ရှိနေပြီဖြစ်သောကြောင့် အစီအစဉ်၏ ဒုတိယအဆင့်တွင် ပူးပေါင်းပါဝင်လုပ်ဆောင်သွားနိုင်ဖွယ်ရှိကြောင်းလည်းဖော်ပြနေကြသည်။

FCAS အစီအစဉ်တွင် ပါဝင်ရန် ဘယ်လ်ဂျီယံ၏ဆုံးဖြတ်ချက်ကို ပြင်သစ်နိုင်ငံ Dassault ကုမ္ပဏီက ပြင်သစ် Rafale ဂျက်တိုက်လေယာဉ်များထက် အမေရိကန်ထုတ် F-35 တိုက်လေယာဉ်များဝယ်ယူရန် ဆုံးဖြတ်ချက်ကြောင့် ပြင်းထန်စွာ ကန့်ကွက်ခဲ့ဖူးသည်။




Dassault ကုမ္ပဏီ CEO Eric Trappier သည် အစီအစဉ်တွင်ပါဝင်ခွင့်နှင့် ဘယ်လ်ဂျီယံကုမ္ပဏီများ FCAS နှင့် ပတ်သက်သည့် စာချုပ်များချုပ်ဆိုလုပ်ဆောင်ခြင်းဆိုင်ရာ အနာဂတ်ဆုံးဖြတ်ချက်မှန်သမျှကို ဆန့်ကျင်ကန့်ကွက်သွားမည်ဟု ယခင်ကတည်းက ပြောကြားထားခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ FCAS မျိုးဆက်သစ်တိုက်လေယာဉ်အစီအစဉ်သည် အမေရိကန်လေတပ်၏ Next Generation Air Dominance စီမံကိန်းနှင့် ဗြိတိန်၊ အီတလီ၊ ဂျပန် သုံးနိုင်ငံပေါင်းလုပ်ဆောင်နေသည့် Global Combat Aircraft Program အဆင့်မြင့်တိုက်လေယာဉ်စီမံကိန်းများနှင့်အပြိုင် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များ တည်ဆောက်ရန် ရည်ရွယ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

**Belgium to Join European FCAS Next-Gen Fighter Program ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၂၆၆ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၂၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၀၆၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကုလားပဲ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ၁၂၆၆ ဧက စိုက်ပျိုးပြီးပါပြီ။ ကုလားပဲဧက လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန် လွှတ်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်း ကျော် ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန် လွှတ်နည်းပညာပေးခြင်း စသည်တို့ကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မအူပင် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၁၄၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မအူပင်မြို့နယ်မှ ထွက်ရှိသည့်မတ်ပဲများကို မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလထဲမှာ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိ လဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲတီစိမ်းတွေကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ရောင်းချတာပါ။ အခုပြည်ပဈေးကွက်က တော်တော်အဝယ်လိုက်လာတယ်လို့ သိရပါတယ်"ဟု မအူပင်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၆၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်မြို့နယ် ကန်ဖြူကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ပေါင် ဒီဇင်ဘာ ၂**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကန်ဖြူကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကန်ဖြူကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

သဲဖြူကျေးရွာ၌ အရှည် ၃၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ရှစ်ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၁၈ သန်းဖြင့် ဖြိုးဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်တံတားလုပ်ငန်းများပြီးစီးပါ ကျေးရွာရှိ အိမ်ခြေ ၅၉၅ အိမ်ရှိ လူ ၁၂၁၈ ဦးတို့၏ လယ်ဧက ၁၅၀၀ မှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာအချိန်မီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်တာဝန်ခံများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှုဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး နိုင်ငံ့ဘဏ္ဍာရန်ပုံငွေလေလွင့်မှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လွဲချော်မှုမရှိစေရေး ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ မူဝါဒ၊ ညွှန်ကြားချက်နှင့် လုပ်ငန်းလိုအပ်ချက်များ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်းအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူ-နေပြည်တော်ရထားလမ်းပိုင်း မိုင်နှုန်းမြင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ ယမန်နေ့က တောင်ငူ-နေပြည်တော်ရထားလမ်းပိုင်းမိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု၊ အဆိုပါရထားလမ်းပိုင်းရှိ ဘူတာများ၊ ရထားလမ်းတံတားများအပြင် တောင်ငူဘူတာနှင့် ပျဉ်းမနားဘူတာတို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများနှင့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (ပျဉ်းမနား)တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး ရထားလမ်းကောင်းမွန်စေရေးပြုပြင်ထိန်းသိမ်းရသည့် လုပ်ငန်းများဆောင်ရွက်ရန်၊ ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူဘူတာနှင့် ပျဉ်းမနားဘူတာများရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများကို စစ်ဆေးပြီး အိမ်ရာကြီးကြပ်ရေးအဖွဲ့အား စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (ပျဉ်းမနား)သို့ သွားရောက်၍ စက်ခေါင်းများပြုပြင်ရာတွင် သတ်မှတ်ထားသည့် Schedule အတိုင်း စနစ်တကျကောင်းမွန်အောင် ပြုပြင်ရေး၊ Spare Parts များလုံလောက်မှုရှိစေရေး၊ ဝန်ထမ်းများအရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)တို့နှင့် မြန်မာနိုင်ငံတပ်မတော်(ရေ)တို့မှ ရေပြင်ရန် ကာကွယ်ရေး၊ ဝေဟင်ရန် ကာကွယ်ရေး၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ လောက်ကိုင်တွင် သွားရောက်အလုပ်လုပ်ကိုင်၍ ပြန်လာသူများကို MNDAA မှ အတင်းအဓမ္မ စစ်သားစုဆောင်းနေမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးနဲ့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းလုပ်ဆောင်ရန်အတွက် ရောက်ရှိနေတဲ့ တရုတ်နိုင်ငံကစစ်ရေယာဉ်များနဲ့ မြန်မာနိုင်ငံကစစ်ရေယာဉ်များဟာ မနေ့က ညနေကတည်းက ပူးပေါင်းရေကြောင်းလုံခြုံရေး လေ့ကျင့်ခန်းဆောင်ရွက်ခဲ့ပါတယ်။ ဒီမနက်မှာတော့ ရေပြင်ရန် ကာကွယ်ရေး၊ ဝေဟင်ရန် ကာကွယ်ရေး၊ ရေအောက်ရန် ကာကွယ်ရေး လေ့ကျင့်ခန်းများကိုအောင်မြင်စွာပြုလုပ်နိုင်ခဲ့ပါတယ်။ လေ့ကျင့်ခန်း ပြုလုပ်တဲ့နေရာကတော့ ရဲတံခွန်ရေနံမြေရဲ့ မြောက်ဘက်ပင်လယ်ပြင်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အားလုံးရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းအောင်မြင်စွာပြီးဆုံးခဲ့ကြောင်းသိရှိရပါတယ်။




နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့သူများကို လွှဲပြောင်းမှုနဲ့ပတ်သက်ပြီး ဒီနေ့မှာအမျိုးသား ၂၅၈ ဦး၊ အမျိုးသမီး ကိုးဦး၊ ပေါင်း ၂၆၇ ဦးကိုလွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ စုစုပေါင်း ၁၀၇၈၄ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။တရုတ်-မြန်မာနှစ်နိုင်ငံအနေနဲ့ အစိုးရချင်း၊ တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုများ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများအနေနဲ့ကတော့ ရှမ်းပြည်နယ်မြောက်ဘက်ပိုင်းမှာတော့ ၁၀၅ မိုင်မှာ Drop Bomb နဲ့တိုက်ခိုက်မှုများရှိခဲ့ပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်မြို့ရဲ့အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ဒီမနက်ပိုင်းမှာတော့ လားရှိုးနဲ့ သိန္နီကြားမှာ ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်က စစ်အင်တံတားကို TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲတိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ခဲ့ပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ မိုးဗြဲနေရာတစ်ဝိုက်မှာထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်မှာ ဒီနေ့မနက် စောစောပိုင်းကစပြီး မြို့နဲ့ပတ်ဝန်းကျင် ငါးနေရာလောက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီညနေပိုင်းမှာတော့ အဝေးကနေပစ်ခတ်မှုပဲရှိပါတော့တယ်။ အဲဒီမှာလည်းရန်သူတွေအနေနဲ့ ထိခိုက်ဒဏ်ရာရရှိတာများပြားတယ်လို့သိရပါတယ်။မနေ့ညကတော့ ကော့ကရိတ်မြို့ကိုလာရောက်တိုက်ခိုက်တဲ့ ရန်သူများကို ကျွန်တော်တို့ဘက်က ခြေလျင်တပ်များနဲ့လေယာဉ်ပူးပေါင်းတိုက်ခိုက်ခဲ့ရာမှာ ထိခိုက်ကျဆုံးမှုများပြားပြီး တချို့လူနာတွေကို တစ်ဖက်နိုင်ငံအထိပို့ပြီး ဆေးကုသမှုခံယူနေတယ်ဆိုတဲ့အကြောင်း သိရပါတယ်။ အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီး မန္တလေး-မူဆယ်လမ်းပိုင်းမှာရှိတဲ့ လမ်းတွေ၊ တံတားတွေ၊ ရေကျော်နေရာတွေ ဒီနေရာတွေကို တံတားများချိုးတာတွေ၊ လမ်းတွေမှာကျင်းတွေတူးပြီးတော့ သွားလို့လာလို့မရအောင် လုပ်တာတွေ ဒါတွေကိုအမြဲတမ်းဆောင်ရွက်နေကြောင်းတွေ့ရပါတယ်။ ဒါ့ပြင် လောက်ကိုင်မှာသွားရောက်အလုပ်လုပ်ကိုင်နေတဲ့ လူတွေရှိပါတယ်။ပြန်လာတဲ့အခါမှာလည်းအရွယ်ကောင်းတွေဖြစ်တဲ့ အသက် ၁၅ နှစ်နဲ့ ၄၀ ကြားမှာရှိတဲ့ လူငယ်တွေကိုပြန်လွှတ်မပေးဘဲနဲ့ MNDAA အနေနဲ့ ဖမ်းဆီးခေါ်ဆောင်ပြီး စစ်သားစုဆောင်းနေတယ်ဆိုတဲ့ သတင်းများလည်းရရှိပါတယ်။အဓိကအားဖြင့် ရှမ်းလူမျိုးနဲ့ တအာင်းတွေကို စုဆောင်းနေတယ်ဆိုတာ ကျွန်တော်တို့သိရပါတယ်။ သူတို့အနေနဲ့ ဒီမိုကရေစီအရေးပြီးရင် ဖက်ဒရယ်အရေးလို့ အမည်တပ်ထားပေမယ့် သူတို့လုပ်ကိုင်နေတဲ့ဟာတွေသည် အလုံးစုံပျက်သုဉ်းရေး၊ ပြည်သူတွေရဲ့ စီးပွားရေးကိုအဓိကထိခိုက်တဲ့ လမ်းပန်းဆက်သွယ်ရေးကို အဓိကထိခိုက်တဲ့ လုပ်ငန်းတွေလုပ်ဆောင်နေတဲ့အပြင် အခုနောက်ပိုင်းမှာ အတင်းအဓမ္မစစ်သားစုဆောင်းမှုပါ လုပ်ဆောင်နေကြောင်း သိရပါတယ်။ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးအနေနဲ့ ဝိုင်းဝန်းပြီး တိုက်ဖျက်သွားရမှာဖြစ်ပါတယ်။ဒါမှမလုပ်နိုင်ဘူးဆိုရင် တိုင်းရင်းသားဒေသတွေမှာ ယခင်တုန်းကလိုပဲ စစ်ဘုရင်ဝါဒထပ်မံကြီးစိုးလာအုံးမှာဖြစ်ပါတယ်။ လက်နက်အားကိုးပြီးလက်နက်နဲ့အနိုင်ကျင့်တဲ့ ကိစ္စတွေထပ်မံပေါ် ပေါက်လာအုံးမှာဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများခွဲစိတ်ကုသပေးနေမှုကို ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ကြည့်ရှုအားပေး





**နေပြည်တော် ဒီဇင်ဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်းသည် မန္တလေးတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝင်းနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တို့ ပူးပေါင်းဆောင်ရွက်နေသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသပေးနေမှုကိုကြည့်ရှုအားပေးပြီး ခွဲစိတ်ကုသမှုခံယူမည့် လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါခွဲစိတ်ကုသမှုကို ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်ထိ ဆောင်ရွက်မည်ဖြစ်ပြီး လူနာနှစ်ဦးကို မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုပေးလျက်ရှိကာ ကျန်ရှိလူနာ ၁၁ ဦးကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၌ ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




သာသနာ့နွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် နှောကုန်းကျေးရွာအုပ်စုရှိ နှောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သဲအင်းဂူ ဇဟိုဌာနချုပ်ကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၁၇ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၄၉ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရတနာဘုံစံကျောင်းသီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့တွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သာသနာ့နွယ်ဝင်သီလရှင် ၁၂၀ ပါးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးရောဂါစမ်းသပ်ပေးခြင်း၊ တီဗီစာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုအားပေး



**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ ထံ ... 

ဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိဝရ အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဖူးမြော်၍ ဩဝါဒများခံယူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေကျင်တိုက်မကြီးအတွင်း၊ အပြင်ပရိဝုဏ် ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စက်ယန္တရားတို့ဖြင့်တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသောက်ဖွယ်ရာများပေးဝေကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အပတ်စဉ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် စတုတ္ထအကြိမ်အဖြစ် အိန္ဒိယနိုင်ငံသို့ သင်တန်းသားဦးရေ ၄၀ စေလွှတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ်ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီ (National Judicial Academy-NJA)တွင် ဒီဇင်ဘာ၄ ရက်မှ ၇ရက်ထိ စတုတ္ထအကြိမ်မြောက်အဖြစ်ဖွင့်လှစ်မည့် တရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်သို့ တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ဦးစီးအရာရှိများနှင့် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တရားသူကြီးများ၊ တရားရေးအရာရှိများပါဝင်သည့် သင်တန်းသားဦးရေ ၄၀ သည် ယနေ့နံနက် ၇ နာရီ၂၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါသင်တန်း၌ သင်တန်းသားများသည် အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံတရားစီရင်ရေးစနစ်၊ တရားသူကြီးကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားရုံးနည်းပညာ၊တရားမနှင့် ရာဇဝတ်ဥပဒေများ၊ဥပဒေရေးရာဆေးပညာ၊ တရားမကျင့်ထုံးဥပဒေနှင့် တရားမမှုစစ်ဆေးခြင်း၊ အခြားနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့ကို လေ့လာသင်ယူခွင့်ရရှိကြမည့်အပြင် လေ့လာရေးခရီးအဖြစ် အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ တရားရုံးများ၊ ယဉ်ကျေးမှုပြတိုက်၊ တိုင်းရင်းသားများပြတိုက်၊ လေ့လော့်အသင်းနှင့် ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုထိုးတော်ကြီး တည်ရှိရာနေရာ ဘိုပါး၊ ဆန်းချီမြို့တို့ကို လေ့လာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ သင်တန်းအစီအစဉ်သည် ပြည်ထောင်စု တရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများကို အိန္ဒိယနိုင်ငံသို့စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာအရစေလွှတ်ခြင်းဖြစ်ပြီး ယခုစတုတ္ထအကြိမ်သင်တန်းအပါအဝင် စုစုပေါင်း သင်တန်းသား ဦးရေ ၁၆၀ စေလွှတ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်း မိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နှင့်အဖွဲ့ဝင်များက အဆိုပါစစ်မှုထမ်းဟောင်း အိမ်ရာခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အမှာစကားပြောကြားသည်။ထို့နောက်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ အတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာ အတွင်းလှည့်လည်ကြည့်ရှု၍ စစ်မှုထမ်းဟောင်း မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသည့် နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက်၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသည့် တိုင်းစစ်ဌာနချုပ်စခန်းရုံးမှ ကျောင်းသား၊ ကျောင်းသူ ၃၂၇ ဦးအတွက် ဒုတိယအကြိမ်ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။





**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်စဉ်။**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသော ဒံပေါက် ထမင်းဘူးများနှင့် စားသောက် ဖွယ်ရာများကို တပ်မတော် ရဟတ်ယာဉ်ဖြင့် ပို့ဆောင် ပေးစဉ်။**





**စေတနာရှင်အလှူရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်း လျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့်တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ဘေးမသီရန်မခဘဲ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ ကျန်းမာပါစေ"စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်းသိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၂၅၈ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၆၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ တရုတ်နိုင်ငံသား အမျိုးသား ၉၅၉၇ ဦး၊ အမျိုးသမီး ၁၁၈၇ ဦး စုစုပေါင်း ၁၀၇၈၄ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအားစိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်း ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၃-၁၂-၂၀၂၃ (တနင်္ဂနွေနေ့)**

| | | |
|---|---|---|
| ၁။ | ဝ၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀း၁၅ | Hit IM |
| ၃။ | ၁၀း၄၀ | နိုပါတ်တော်လာ သိမှတ်စရာ |
| ၄။ | ၁၁း၃၅ | Present Songs |
| ၅။ | ၁၄း၁၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |

# NBS Survey ၏စစ်တမ်းအရ နိုင်ဂျီးရီးယားနိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာမလုံလောက်သည့်မိသားစု ၆၉ ဒသမ ၂ ရာခိုင်နှုန်းထိရှိနေ



**လန်ဒန် ဒီဇင်ဘာ ၂**

အင်္ဂလန်နိုင်ငံအခြေစိုက် NBS Survey အုပ်စုက နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ရေဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာ မလုံလောက်သည့် ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော မိသားစုမှာ နိုင်ငံရှိ မိသားစုအရေအတွက်၏ ၆၉ ဒသမ ၂ ရာခိုင်နှုန်းထိရှိနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

NBS Survey အုပ်စုက နိုင်ဂျီးရီးယားရေဘေးဆိုင်ရာသုတေသနကို ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် နိုင်ဂျီးရီးယား ရေဘေးသက်ရောက်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ရေဘေးအန္တရာယ် လျော့နည်းရေးအကဲဖြတ်မှုခေါင်းစဉ်ဖြင့် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံရှိ မိသားစုတချို့မှာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း စားနပ်ရိက္ခာမပြတ်လပ်နိုင်သည့်အရင်းအမြစ်များ ပိုင်ဆိုင်ထားခြင်းကြောင့် စားနပ်ရိက္ခာလုံလောက်နေကြောင်း NBS Survey အုပ်စုက ထုတ်ပြန်ခဲ့သည်။

"၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံမှာ ရေဘေးအန္တရာယ်တွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် စီးပွားရေးအခြေခံအဆောက်အအုံတော်တော်များများပျက်စီးခဲ့တယ်။ ပြည်သူတချို့ ဝင်ငွေမရှိတော့တဲ့ထိ ဖြစ်ခဲ့ရတယ်။ စစ်တမ်းကောက်ကြည့်တော့ နိုင်ဂျီးရီးယားမှာ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ရေဘေးဒဏ်ကြောင့် စားနပ်ရိက္ခာမလုံလောက်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတဲ့မိသားစုဟာ နိုင်ငံရဲ့ ၆၉ ဒသမ ၂ ရာခိုင်နှုန်းထိ ရှိနေပါတယ်။ ကျန်တဲ့မိသားစုတွေကတော့ စားနပ်ရိက္ခာလုံလုံလောက်လောက်ရနိုင်တဲ့အရင်းအမြစ်တွေ ပိုင်ဆိုင်ထားတဲ့အတွက် စားနပ်ရိက္ခာမလုံလောက်တာမျိုး မရှိခဲ့ပါဘူး" ဟု NBS Survey အုပ်စုမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ ချင်နိုင်းပြည်နယ်သို့ မိကျောင်းဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံ ချင်နိုင်းပြည်နယ်သို့ လာမည့်ရက်ပိုင်းအတွင်း မိကျောင်းဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ချင်နိုင်းပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တော့မည့် လက္ခဏာပြသနေသကဲ့သို့ ဒေသတချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိကြောင်း၊ အစောဆုံး ဒီဇင်ဘာ ၄ ရက်တွင် မိကျောင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

"မိကျောင်းဆိုင်ကလုန်းမုန်တိုင်းဟာ ချင်နိုင်းပြည်နယ်ကို အစောဆုံး ဒီဇင်ဘာ ၄ ရက်မှာ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေပါတယ်။ မုန်တိုင်းဝင်ရောက်တော့မဲ့ လက္ခဏာတွေ ပြသနေပါတယ်။ မုန်တိုင်းအန္တရာယ် သတိပေးချက် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားပါတယ်"ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ဘက်ပိုင်းမှစတင် ဝင်ရောက်လာဖွယ်ရှိနေပြီး မိကျောင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ချင်နိုင်းပြည်နယ်တွင် မုန်တိုင်းအန္တရာယ် လိမ္မော်ရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ မုန်တိုင်းသည် ချင်နိုင်းပြည်နယ်သို့ ကနဦးဝင်ရောက်လာမည်ဖြစ်ပြီး တမီလ်နာဒူပြည်နယ်၊ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင်လည်း ဝင်ရောက်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ကျောက်မီးသွေးအသုံးပြုမှု ဖြတ်တောက်ရန်အတွက် ကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း COP 28 ညီလာခံတွင် ဗီယက်နမ်ဝန်ကြီးချုပ်ပြောကြား

**အဘူဒါဘီ ဒီဇင်ဘာ ၂**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ ကျင်းပနေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ(COP 28)တွင် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ဖမ်မင်ချင် ဦးဆောင်သော ကိုယ်စားလှယ်တော်များလည်း တက်ရောက်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် ကျောက်မီးသွေးအသုံးပြုမှုဖြတ်တောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ဖြတ်တောက်သွားမည်ဖြစ်ပြီး ကျောက်မီးသွေးလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖြင့် အစားထိုးသွားမည်ဖြစ်သကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖော်ဆောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံသုံးစွဲသွားမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးလောင်စာသုံးစွဲမှုဖြတ်တောက်ရေးကို Resource Mobilisation Plan အမည်ဖြင့် ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ် ဖမ်မင်ချင်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ကျောက်မီးသွေးလောင်စာ ဖြတ်တောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အင်အားကြီးနိုင်ငံတချို့၏ အကူအညီ ရယူသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်က G7 အဖွဲ့ဝင်နိုင်ငံတချို့က ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဗီယက်နမ်အစိုးရနှင့် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း၊ COP 28 ညီလာခံ၌ တင်ပြဆွေးနွေးခဲ့သည့် ကျောက်မီးသွေးလောင်စာဖြတ်တောက်ရေးအတွက် G7 အဖွဲ့ဝင်နိုင်ငံတချို့၏အကူအညီကို ရယူသွားမည်ဖြစ်ကြောင်း၊ G7 အဖွဲ့ဝင်နိုင်ငံတချို့၏ အကူအညီကိုရယူကာ ကျောက်မီးသွေးလောင်စာသုံးစွဲမှု ဖြတ်တောက်ရေးကို Just Energy Transition Partnership အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်သည့် ပြဿနာကို ဖြေရှင်းသွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် ဖမ်မင်ချင်က ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။




၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။





# သားကောင်းမိခင်

မောင်သိန်းနိုင်(လက်ဖက်ရည်)

(၁)

နံနက်လင်းသည်နှင့် ၁၇ လမ်းဈေးကလေးမှာ လူစည်ကားလျက်ရှိသည်။ ရောင်းသူဝယ်သူ နှစ်ဦးကြား ပေါင်းကူးဆက်သွယ်ပေးထားသော ဈေးတံတားလေးဟုပင် ဆိုချင်ဆိုနိုင်ပေသည်။

"ဟဲ့ မိုးနန္ဒာအောင် အခုထိမထသေးဘူးလား။ နေတောင် မွန်းတည့်တော့မယ်"

နံနက် ၆ နာရီဆို ၁၇ လမ်းဈေးသို့ ဒေါ်သိန်း အမြဲရောက်သည်။ စောစောထ၍ ဈေးဝယ်ရခြင်းမှာ လတ်ဆတ်သောအသားများနှင့် အသီးအနှံများကို လက်ဦးပိုင်ပိုင် ဝယ်ခြမ်းချင်သောကြောင့်ဖြစ်သည်။ အသား၊ ငါးများမှာ နေမြင့်လေ မလတ်ဆတ်လေဖြစ်သောကြောင့် ချက်ပြုတ်စားသောက်ရသည်မှာ အဆင်မပြေလှပေ။ လတ်ဆတ်သောအသားများ ရရှိရန်အတွက် ဒေါ်သိန်းတစ်ယောက် နံနက်စောစောထ၍ ဈေးဝယ်ထွက်ရခြင်းပင်ဖြစ်သည်။ ဈေးကပြန်လာသည်နှင့် သူ၏တစ်ဦးတည်းသောသမီးကို အမြဲနှိုးရတတ်သည်။ သမီးဖြစ်သူကို အိပ်ရာမှထရန် နှိုးဆော်သံသည် အောင်ဩဘာလမ်းကလေးထဲတွင် နေ့စဉ်နေ့တိုင်း ပဲ့တင်သံထပ်နေပေတော့သည်။

"ထပါပြီအမေရယ်။ တကတဲမှပဲ"

အိပ်မှုန်စုံမွှားဖြင့် အိပ်ရာထဲမှ လူးလဲထလာသော သမီးဖြစ်သူ၏ပုံသဏ္ဌာန်သည် ဒေါ်သိန်းအတွက် ချစ်စရာအလွန်ကောင်းနေပေတော့သည်။ ဆံပင်ဖားဖား ကပိုကရိုပုံကလေးနှင့် မျက်လုံးနှစ်လုံးကို ပွတ်သပ်နေသော သမီးငယ်ကိုကြည့်ပြီး ဒေါ်သိန်းတစ်ယောက် အမြဲပြုံးနေတတ်ပေသည်။

(၂)

"ဟဲ့ မိုးနန္ဒာအောင်ရေ။ မိုးနန္ဒာအောင်ရှိလားဟေ့"

နံနက် ၈ နာရီထိုးတိုင်း ဒေါ်သိန်းအိမ်ရှေ့သို့ ဘွားခင်အမြဲရောက်လာတတ်သည်။ အိမ်ရှေ့ရောက်တိုင်းလည်း သမီးဖြစ်သူနာမည်ကို ဘွားခင်တစ်ယောက် အမြဲခေါ်လေ့ရှိသည်။ ဘွားခင်သည် မိုးနန္ဒာအောင်ကို အတော်ချစ်သည်။ မိုးနန္ဒာအောင်ကိုပင် ဘွားခင်လက်သည်လုပ်၍ မွေးပေးထားခြင်းဖြစ်သည်။ မိုးနန္ဒာအောင်ကလည်း ဘွားခင်ကို အဘွားအရင်းကဲ့သို့ လွန်စွာချစ်ခင်ပေသည်။ ဘွားခင်အိမ်သို့ လာလည်တိုင်းလည်း အိမ်မှာရှိသမျှ မုန့်ပဲသရေစာများ ကျွေးမွေးလျက်ရှိသည်။

"ဘွားခင်ရေ သမီးရှိတယ်။ အိမ်ထဲဝင်ပါအုံးဘွားခင်"

ဘွားခင်သည် စိတ်ဓာတ်မာသည်။ ပျော့လျှင်ဖယောင်း၊ မာလျှင်သံချောင်းကဲ့သို့သော မိန်းမစားဖြစ်သည်။ ဘွားခင်အသက် ၄၀ အရွယ်နှင့်ပင် လင်ယောကျ်ားသေဆုံး၍ မုဆိုးမဖြစ်ခဲ့ရသည်။ သားသမီးလေးဦးနှင့် လူ့လောကအလယ်တွင် တွယ်တာရာမဲ့နေသော ဘွားခင်သည် လောကဓံကိုအရှုံးမပေးဘဲ သားသမီးလေးဦး၏ အနာဂတ်အရေးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် အလံမလဲစတမ်းတွန်းလှန်ခဲ့သူဖြစ်သည်။ ယခုတော့ ဘွားခင်၏အသက်မှာ ၇၂ နှစ်ထဲသို့ပင် ဝင်လာပေတော့သည်။ သီလအားကောင်းသော ဘွားခင်မှာ ရောဂါဘယဆိုလို့ တစ်ခါတစ်ခါ ဖျားနာတာလေးလောက်ပဲဖြစ်ဖူးသည်။ ယခုထိပင် ၁၇ လမ်းဈေးတွင် ပန်းစည်းကလေးများ ရောင်းချလျက်ရှိသည်။

သားသမီးများထံမှ လက်ဖြန့်ကာတောင်းခံရသော အမယ်အိုကြီးဘဝကို ဘွားခင်မနှစ်သက်ပေ။ ကိုယ့်အားကိုယ်ကိုးတတ်သော ဘွားခင်သည် ကိုယ်ထူကိုယ်ထစနစ်ဖြင့်ပင် ယခုထိတိုင် ဈေးရောင်းချနေတုန်းဖြစ်သည်။

(၃)

"ဟယ် မသိန်း။ ထုံးစံအတိုင်း ညည်း ကျုပ်မြေးကို ဆူနေတာပေါ့အေ"

"ဟုတ်တယ်ဘွားခင်ရေ၊ ဘွားခင်မြေးက အိပ်ရာထအမြဲနောက်ကျတာ။ ညဘက်ဆိုရင်လဲ တော်တော်နဲ့ မအိပ်ဘူး။ ဖုန်းတစ်လုံးနဲ့အလုပ်ရှုပ်နေတာပဲ"

"မသိန်းရယ် ဒီဘက်ခေတ်ကဖုန်းခေတ်အေ့။ အန်တာနက်ဆိုလားဘာလား ကျုပ်တော့သိပ်နားမလည်ပါဘူးအေ။ အဲ့အထဲမှာ သတင်းပေါင်းစုံကြည့်လို့ရတယ်တဲ့အေ့။ အင်္ဂလိပ်စကားပြော၊ ဂျပန်စကားပြော၊ ကိုရီးယားစကားပြောတို့လဲ သင်လို့ရတယ်တဲ့အေ့၊ ပြီးတော့ ကိုယ်လေ့လာသင်ယူချင်စရာတွေကို လွယ်လွယ်ကူကူရှာလို့ရတယ်ဆိုပဲအေ"

ဘွားခင်သည် အသက်အရွယ်နှင့်မလိုက်အောင်ပင် ခေတ်ရှေ့ပြေးနေသည်။ အင်တာနက်အကြောင်းလည်း သိသည်။ လေ့လာသင်ယူစရာများအကြောင်းလည်း သိသည်။ အသက် ၇၂ နှစ်အရွယ်အဘွားကြီးတစ်ဦး ထိုသို့ သိနေခြင်းကို ဒေါ်သိန်းအံ့ဩမှင်သက်မိနေပေတော့သည်။

"ကျွန်မတောင် ဘွားခင်လောက် ခရေစေ့တွင်းကျ မသိပါဘူးရှင်။ ဘွားခင်က အကုန်သိနေတယ်။ ဘယ်လိုလုပ်သိနေတာတုံး"

ဒေါ်သိန်းမေးလိုက်သောမေးခွန်းသည် ဘွားခင် အဖြေချင်ဆုံးသောပုစ္ဆာပင်ဖြစ်သည်။

"ဟဲ့ ညည်းတို့က ပညာရှိကိုအိမ်ထဲမှာထားပြီး ပုတ်နဲ့အုပ်ထားတာကိုကွယ်။ ဘယ်သူရှိမတုံး။ ကျုပ်မြေးမ မိုးနန္ဒာအောင်ပေါ့အေ့"

ဘွားခင်သည် သူပြောချင်နေပြီဖြစ်သော စကားကိုပြောချလိုက်ရသောကြောင့် ဘွားခင်မျက်နှာပေါ်က အပြုံးများသည် လျှပ်စီးပြက်သကဲ့သို့ ဝင်းလက်တောက်ပသွားပေတော့သည်။

"အမယ်လေး မပြောတော့ပါဘူးရှင်။ ဘွားခင်တို့မြေးအဘွားတွေကတော့ တကယ့်ကို အင်တာနေရှင်နယ် အဆင့်တွေပါပဲရှင်"

ဒေါ်သိန်းလည်း ဘွားခင်နှင့်သမီးကို ပြုံးရွှင်သောမျက်နှာထားဖြင့်သာ ငေးမော၍ကြည့်နေမိတော့သည်။

(၄)

"အဘွား မျက်နှာလဲမကောင်းပါလား။ ဘာများဖြစ်လို့လဲ။ နေများမကောင်းလို့လားဟင်"

ည ၈နာရီထိုးနေပြီမို့ မှောင်ရီလည်းပျိုးလာသည်။ ဘွားခင် သည်ချိန်ခါမျိုးဆိုလျှင် အိမ်သို့လာလည်သည်က ရှားလှသည်။ ယခုညကြီးမိုးချုပ်ကြီး ဘွားခင် အိမ်ရောက်လာသဖြင့် မိုးနန္ဒာအောင်စိတ်ထဲ မတင်မကျဖြစ်နေပေတော့သည်။

"အဘွား လာလာ။ ဖြည်းဖြည်းတက်၊ အပေါက်ကျွံအုံးမယ်"

မိုးနန္ဒာအောင် ဘွားခင်ကို လက်ကနေတွဲကာ အိမ်ပေါ်သို့ခေါ်ဆောင်သွားလေသည်။ ဘွားခင်သောက်ရန်အတွက်လည်း ရေတစ်ခွက်ကိုခပ်၍ ဦးစွာလှမ်းပေးလိုက်သည်။

ဘွားခင်မျက်ဝန်းအစုံမှ မျက်ရည်စများ ရေတံခွန်ပမာ ဖြာထွက်ကျဆင်းလာတော့သည်။ ရင်နှင့်မဆံ့အောင် ခံစားနေရသော ဝေဒနာဆိုးက ဘွားခင်၏စိတ်ကို တစိမ့်စိမ့် ဝါးမျိုနေသောကြောင့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ သောကပရိဒေဝမီးများ ဘွားခင်သန္တာန်မှာ တောက်လောင်နေပေတော့သည်။

"ကျုပ်အိမ်ပေါ်လဲ တက်နေသေးတယ်။ ကျုပ်ကိုလဲ ထမင်းလခတောင်းသေးတယ်။ ထမင်းချက်ကျွေးခ ငါးသောင်းမပေးနိုင်လို့ အခုထိ ထမင်းမစားရသေးပါဘူးတော်"

မိုးနန္ဒာအောင်၏ရင်ထဲတွင် အောင့်သက်သက်ခံစားလိုက်ရသည်။ သူ့အလိုလို စီးကျလာသောမျက်ရည်စများက ဘွားခင်၏မျက်ရည်များနှင့်အပြိုင်စီးကျနေပေတော့သည်။

"ဖြစ်မှဖြစ်ရလေ ဘွားခင်ရယ်"

"ကျုပ်သားကြီးသာရှိရင် သင်းတို့ကို အိမ်အရိပ်တောင်အနင်းမခံဘူး။ အခု ကျုပ်သားကြီးမရှိတော့ သင်းတို့က ဗိုလ်လုပ်နေကြတာ။ ကျုပ်သားကြီး အရင်မသေဘဲ သင်းတို့အရင်သေရမှာ"

ပေါက်ကွဲထွက်ပေါ်လာသော ရင်ဘတ်ထဲကစကားများက အပြင်လောကသို့ ပွင့်ထွက်သွားသည်။ ရင်နှင့်မဆံ့အောင် ခံစားရခက်သော မိန်းမတစ်ဦး၏စိတ်ထားများက မိခင်အဖြစ်သို့ပြောင်းလဲမလာတော့ဘဲ မိန်းမကြမ်းကြီးအသွင် ဆောင်သွားလေတော့သည်။

"အခု ကျုပ်နေတဲ့အိမ်ကလဲ ကျုပ်သားကြီး အသက်နဲ့လဲပြီး ဝယ်ပေးခဲ့တာအေ့။ သူတို့ချွေးနဲ့စာ တစ်ပြားတစ်ချပ်မှ မပါပါဘူးအေ။ ဒါကို သင်းတို့က ကျုပ်လက်ပျဉ်းကျနေပြီဆိုတော့ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေကြတာပေါ့"

ဘွားခင်ပြောပြောဆိုဆိုနှင့်ပင် မျက်ရည်စများ အပြိုင်အပြိုင် စီးကျလာပြန်သည်။

"ကျုပ်သားကြီး အသက်ရှိစဉ်တုန်းကဆိုရင် လစဉ်လတိုင်း ငွေ ငါးသောင်း အမြဲလှမ်းလှမ်းကန်တော့တာအေ့။ အဲဒီငွေလဲ ကျုပ်မသုံးပါဘူး။ သူတို့ကိုပဲ ဖြည့်ပေးနေတာပါအေ။ ဒါကိုလဲ သင်းတို့က မကျေနပ်နိုင်ကြဘူးလေ။ အခုလဲ ကျုပ်သားကြီးအသက်နဲ့ရင်းပြီးရလာခဲ့တဲ့ငွေနဲ့ အိမ်ကလေးတစ်လုံးဝယ်လိုက်တာအေ့။ အဲဒီအိမ်လဲ အခု သူတို့ကပ်နေကြတာပဲလေ"

(၅)

"ကလင် ကလင် ကလင်"

ဘွားခင်၏လက်ဆွဲအိတ်ထဲမှ ဖုန်းမြည်သံတစ်ခုထွက်ပေါ်လာသည်။ ဘွားခင် ဖုန်းကိုဖွင့်၍ ကိုင်လိုက်သည်။

"ဟဲလို ပြောပါရှင်"

**❖ ဘွားခင်ပြောပြောဆိုဆိုနှင့်ပင် မျက်ရည်စများ အပြိုင်အပြိုင် စီးကျလာပြန်သည်။ "ကျုပ်သားကြီး အသက်ရှိစဉ်တုန်းကဆိုရင် လစဉ်လတိုင်း ငွေငါးသောင်း အမြဲလှမ်းလှမ်းကန်တော့တာအေ့။ အဲဒီငွေလဲ ကျုပ်မသုံးပါဘူး။ သူတို့ကိုပဲ ဖြည့်ပေးနေတာပါအေ။ ဒါကိုလဲ သင်းတို့က မကျေနပ်နိုင်ကြဘူးလေ။ အခုလဲ ကျုပ်သားကြီး အသက်နဲ့ရင်းပြီး ရလာခဲ့တဲ့ငွေနဲ့ အိမ်ကလေးတစ်လုံးဝယ်လိုက်တာအေ့။ အဲဒီအိမ်လဲ အခု သူတို့ကပ်နေကြတာပဲလေ" ❖**

"မပြောချင်တော့ပါဘူးမြေးရယ်"

ဘာမပြောညာမပြော ငိုသံပါကြီးဖြင့် ဘွားခင် ရှိုက်ကြီးတငင် ငိုနေတော့သည်။ သူ့စိတ်ထဲတွင်လည်း ဝမ်းနည်းမှုတို့ပြည့်နက်စွာ ပေါက်ကွဲထွက်ပေါ်နေပုံရသည်။


"ကျုပ်သမီးက ကျုပ်ကို စားစရိတ် ငါးသောင်း မပေးနိုင်လို့ ထမင်းမကျွေးနိုင်ဘူးတဲ့တော်။ ကျုပ် သူတို့ကို လူဖြစ်အောင်မွေးခဲ့တဲ့သူပါ။ သူတို့အဖေဆုံးပါးသွားပြီးကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ မွေးကျေးဇူးနဲ့ ကျွေးကျေးဇူးကိုမှမထောက်။ ကျုပ်ကို အဲဒီစကားမျိုးတွေ ပြောထွက်တယ်တော်"

"အဘွားသားနဲ့ပတ်သက်သမျှ ကိစ္စတွေကို ကျွန်တော်တို့ဘက်က အကုန်လုပ်ဆောင်ပေးပြီးပြီဆိုတဲ့အကြောင်းကို ဆက်သွယ်အကြောင်းကြားပေးတာပါခင်ဗျာ"

ခေတ္တခဏ ဘွားခင်ငြိမ်သက်၍ နားထောင်နေလိုက်သည်။ ထို့နောက် တတိယအကြိမ် ငိုပွဲဆင်ပြန်လေတော့သည်။

"အမေ့သားစစ်သားကြီး ကောင်းရာသုဂတိလားပါစေတော်။ တိုင်းပြည်အတွက် အသက်ပေးသွားတာတောင် အခုထိပင်စင်လစာနဲ့ တမလွန်ကနေကန်တော့နေတုန်းပဲလား သားကြီးရယ်။"

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဟင်းသီးဟင်းရွက် ၃၅၂၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၁၄၀၀ စိုက်ပျိုးပြီးပါပြီ။ နံနံ၊ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ထို့ပြင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၀၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ဧက ၄၁၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းနေ

**ဘိုကလေး ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းနေကြောင်း ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းလျက်ရှိပြီး တစ်ရက်လျှင် ငါးမြွေထိုးခြောက် ပိဿာချိန် ၂၀၀ မှ ၅၀၀ ထိ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ဒေသထွက် ငါးမြွေထိုးခြောက်များကို ဒေသတွင်း ဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်စသည့်မြို့များက မှာယူမှုများပြားနေကြောင်း သိရသည်။

"နိုဝင်ဘာလ ဒုတိယပတ်လောက်ကတည်းက အရောင်းသွက်ခဲ့တာပါ။ လက်ရှိတော့ ပုံမှန်ထက်တော်တော်လေးကို အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူတာများနေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဘိုကလေးဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ မှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက် လုပ်ငန်းနယ်ပယ်အသီးသီးက သူတွေလဲ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကိုဝယ်ယူပြီး အချို့ အငန်စပ်ပြီး စနစ်တကျအခြောက်လှန်းကာ စားသုံးရန်အဆင့်ထိ ပြုလုပ်၍ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ မှ ၂၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များကို ယခုလတွင်လည်း ရန်ကုန်ဈေးကွက်မှ ဝယ်ယူအား ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မအူပင်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

**မအူပင် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မအူပင်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားစေရန်၊ အသိပညာ၊ အတတ်ပညာဗဟုသုတများတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသူများအနေဖြင့်သင်တန်းကာလအတွင်း သင်တန်းကို ပြီးမြောက်အောင် တက်ရောက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး သင်တန်းတွင် စက်ချုပ်ပညာနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြဆရာများက ယနေ့မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ထိ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

## မေတ္တာပေးပါ

- ဝေနေယျာ သတ္တဝါများကိုလ
မေတ္တာထားလို့ ဆက်ဆံလေ၊
အပူသည် အစဉ်ဝေး
အေးမြမှုတွေ၊
ငြိမ်းချမ်းသော မေတ္တာဝေ
လောကမြေကို ရန်ဘေးကင်း၊
မင်္ဂလာ ကျက်သရေတိုးတယ်
ဖွံ့ဖြိုးတဲ့သတင်း။

- စာနာပါ လူအချင်းချင်း
ဖေးမရင်း ထောက်ပံ့ပါ၊
တုံ့ပြန်နေ အအေးဓာတ်က
မြင့်မြတ်လျက်သာ၊
ကိုယ်ပေးသော ချစ်မေတ္တာ
တည်တံ့ကာ ပျော်ရွှင်မှု၊
အတ္တမာန် ဒေါသများကို
ရှောင်ရှားဝေးပြု။

- မေတ္တာသည် ဆေးတစ်ခုမို့
အတွေးရှုလို့ လက်ကိုင်ဆောင်၊
အမုန်းမဝင် အလှုနှလုံး
သုံးစွဲခွင်းအမှောင်၊
ဖြူစင်သော မေတ္တာအရောင်
အောင်မြင်သည် သုခအစစ်၊
မိတ်ဆွေကို အသွင်ကောင်းဖို့
ထိန်းကျောင်းထုဆစ်။ ။

**မောင်မျိုးချစ်(အညာမြေ)**

# မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းမူဘောင်နှင့် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်းရန်ပုံငွေစာရင်းဇယားများ လစဉ်ပုံမှန် စနစ်တကျ ဖြည့်စွက်ရေးသွင်းရန် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြိုင်ကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လျှော့ချရန်လိုအပ်လာသော မဟာအင်အားကြီးနိုင်ငံများ



အင်ဒို-ပစိဖိတ်ဒေသရှိ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ဒေသတွင်း၌ မဟာအင်အားကြီးနိုင်ငံများ၏ ပဋိပက္ခအပေါ် သက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ ကမ္ဘာကြီးသည် စက်မှုလုပ်ငန်းထူထောင်မှုနှင့် သက်ရှိကြွင်းကျန်မှုတို့ကြား မဟာဗျူဟာမြောက်အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်။ နည်းပညာပိုင်းဆိုင်ရာ တိုးတက်လာမှုများသည် စက်မှုခေတ်လွန်ကာလတွင် ရာသီဥတုပြောင်းလဲမှုအတွက် များစွာပေးဆပ်ရလျက်ရှိသည်။

အင်ဒို-ပစိဖိတ်ဒေသသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ကမ္ဘာ့အခြားဒေသများထက် ပိုမိုခံစားရလျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် မုန်တိုင်းဒဏ်တို့ကြောင့် ပစိဖိတ်ဒေသရှိ ကျွန်းနိုင်ငံများသည် သက်ရှိကြွင်းကျန်ရေးအတွက် ခြိမ်းခြောက်မှုများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် လျော့လာသွားရန် မကြာခဏပျက်ကွက်ခြင်းသည် အမေရိကန်နှင့် တရုတ်တို့၏ မဟာဗျူဟာမြောက်စွမ်းဆောင်ရည်များအပေါ် သက်ရောက်မှု ဖြစ်ပေါ်စေလျက်ရှိသည်။ မိတ်ဖက်နှင့် မဟာမိတ်နိုင်ငံများအပေါ် ခြိမ်းခြောက်မှုမှသည် လေယာဉ်အခြေစိုက်တပ်ဖွဲ့များ၊ စစ်သင်္ဘောများထိ သက်ရောက်မှုနှင့် ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည့် အင်ဒို-ပစိဖိတ်ဒေသရှိ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ဒေသတွင်း၌ ဖြစ်ပေါ်လာနိုင်ခြေရှိသည့် မဟာအင်အားကြီးနိုင်ငံတို့၏ ပဋိပက္ခအပေါ် သက်ရောက်မှုများစွာ ရှိလာနိုင်သည်။ ထို့ကြောင့် ဒေသတွင်းရှိ နိုင်ငံငယ်များအနေဖြင့် ၎င်းတို့၏ ရပ်တည်ချက်အတွက် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအပေါ် နားလည်သဘောပေါက်ထားရှိရန် လိုအပ်သည်။ မဟာအင်အားကြီးနှစ်နိုင်ငံကြား ဒေသတွင်း လွှမ်းမိုးနိုင်ရန် ယှဉ်ပြိုင်မှုသည် ၎င်းတို့၏ ရေရှည်ရာသီဥတုဒဏ်ခံနိုင်မှုအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းရှိ မိတ်ဖက်နိုင်ငံများအနေဖြင့် ရေရှည်မဟာဗျူဟာမြောက်အောင်မြင်မှုအတွက် အကောင်းဆုံးနည်းလမ်းဖြစ်လာလိမ့်မည်ဖြစ်သည်။

အမှန်တော့ ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်မှုသည် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် မဟာအင်အားကြီးနိုင်ငံတို့၏ ပဋိပက္ခအောင်မြင်မှုမဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းတစ်ရပ်မဟုတ်သော်လည်း စစ်မက်အောင်မြင်ခြင်းနှင့် စစ်မက်ဖြစ်ပွားစေမှုနှစ်ရပ်စလုံးအတွက် ပိုမိုကျယ်ပြန့်သောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ပစိဖိတ်ကျွန်းတွင် မှီတင်းနေထိုင်လျက်ရှိသည့် ပြည်သူများအပေါ် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ဆိုးကျိုးသက်ရောက်မှုသည် ကြီးမားလျက်ရှိပြီး မဟာအင်အားကြီးနိုင်ငံများကြောင့်ဖြစ်ပေါ်လာသော ဒုတိယမြောက် သက်ရောက်မှုသည် မဟာဗျူဟာမြောက်ဝန်ထုပ်ဝန်ပိုးဖြစ်စေလျက်ရှိသည်။

ပစိဖိတ်ကျွန်းစုတွင် ပြည်သူ ၂၆၇ သန်းသည် ပင်လယ်ရေမျက်နှာပြင်ထက် ၂ မီတာခန့်တွင် နေထိုင်ရလျက်ရှိပြီး ၂၁၀၀ ပြည့်နှစ်တွင် ပြည်သူ ဦးရေ သန်း ၄၁၀ ခန့်သည် ပင်လယ်ရေမျက်နှာပြင်ထက် ၂ မီတာခန့်သာ နေထိုင်သွားရဖွယ်ရှိသည်။ အထူးသဖြင့် ၂၁၀၀ ပြည့်နှစ်တွင် အပူချိန်မြင့်တက်လာမှုအား ၂ ဒီဂရီအောက် ထိန်းသိမ်းထားနိုင်မှသာလျှင် ပင်လယ်ရေမျက်နှာပြင်သည် ၆ ဒသမ ၆ ပေခန့် မြင့်တက်လာမည်ဖြစ်သည်။

နေအိမ်များ ရေမြုပ်မှုအန္တရာယ်နှင့် ကြုံတွေ့ရတော့မည့် လူဦးရေ သန်း ၅၀၀ ခန့်အတွက် ကမ္ဘာကြီးအနေဖြင့် အသင့်ဖြစ်နေပြီလား။ ၎င်းလူဦးရေသန်း ၅၀၀ သည် မည်သည့်နေရာတွင် သွားရောက်နေထိုင်သွားမလဲဆိုသော မေးခွန်းများထွက်ပေါ်လျက်ရှိသည်။ လက်ရှိအချိန်ထိ အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံစလုံးသည် ရွှေ့ပြောင်းနေထိုင်သူများကို လက်ခံမှုအတွက် ဂုဏ်သတင်းကောင်းမရှိပေ။

ပြည်သူဦးရေသန်း ၄၁၀ သည် ကျွန်းနိုင်ငံများတွင် နေထိုင်ရလျက်ရှိသည့်အပြင် တချို့သော အိမ်ခြေရာမဲ့များသည်လည်း သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ကုန်းမြင့်ဒေသတွင် နေရာထိုင်ခင်းရှာဖွေရလျက်ရှိသည်။ တရုတ်ကမ်းခြေဒေသများတွင် နေထိုင်သောပြည်သူများသည် ပင်လယ်ရေတိုက်စားမှုအန္တရာယ်မှ ဝေးကွာသည့်နေရာများတွင် နေစရာအိမ်ရှာဖွေနိုင်သော်လည်း နိုင်ငံငယ်များ၌ နေထိုင်လျက်ရှိသော ပြည်သူများသည် မည်သည့်နေရာတွင် နေအိမ်ရှာဖွေသွားမလဲဆိုသော မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းသည် ဒီရေကြီးမှုများဖြစ်ပေါ်စေသဖြင့် ဒေသခံပြည်သူများကို ရာသီဥတုဆိုင်ရာဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေနိုင်သည်။ သန်းပေါင်းများစွာသော ပြည်သူများသည် နေရာထိုင်ခင်းအတွက် နေရင်းနိုင်ငံမှစွန့်ခွာမှုများလုပ်ဆောင်လာခြင်းသည် အန္တရာယ်များတိုးမြင့်ဖြစ်ပွားလာစေနိုင်သည်။

အဆိုပါနောက်ဆက်တွဲဆိုးကျိုးများအပြင် ပထဝီမြေမျက်နှာသွင်ပြင်ဆုံးရှုံးမှုသည် စစ်ရေးဆိုင်ရာအစီအမံတွင် တိုက်ရိုက်အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် ကမ္ဘာ့လေထုအဖွဲ့(NOAA)မှထုတ်ပြန်သော မြေပုံအရ ပင်လယ်ရေမျက်နှာပြင် ၂ မီတာမြင့်တက်လာခြင်းသည် အဓိကကျသော မဟာဗျူဟာမြောက်အနေအထားကို သိသိသာသာပြောင်းလဲမှုဖြစ်ပေါ်စေလျက်ရှိသည်။ သာဓကအနေဖြင့် Waikiki ကမ်းခြေသည် အပန်းဖြေခရီးသွားများ သွားလာချင်သောနေရာဖြစ်တော့မည်မဟုတ်ချေ။ ဟိုနိုလူလူနိုင်ငံတကာလေဆိပ်သည်လည်း လေယာဉ်ဆင်းသက်ရန် နေရာကျဉ်းမြောင်းလာမည်ဖြစ်သည်။ ပုလဲဆိပ်ကမ်းရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်းသည်လည်း အကန့်အသတ်ဖြင့်သာ လည်ပတ်နိုင်မည်ဖြစ်သည်။ အမေရိကန်ရေတပ်အခြေစိုက်စခန်းဖြစ်သည့် ဆန်ဒီယာဂို(San Diego)၏ လက်ရှိသင်္ဘောဆိုက်ကပ်သည့်နေရာသည် ရေအောက်မြုပ်သွားမည်ဖြစ်သည်။ Tahiti ရှိ နိုင်ငံတကာလေဆိပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂ မီတာခန့်သာမြင့်သည်။ မိုက်ခရိုနီးရှားသည် ပင်လယ်ရေမျက်နှာပြင်ထက် ၂ ဒသမ ၁ မီတာနှင့် ကီရီဘာတီသည် ပင်လယ်ရေမျက်နှာပြင်ထက် ၁ ဒသမ ၈ မီတာခန့်သာမြင့်သည်။

စစ်ရေးသဘောတရားတွင် အဆိုပါနေရာများသည် အဓိကကျသောမြေအနေအထားအဖြစ် ရည်ညွှန်းပြောဆိုလျက်ရှိပြီး အဓိကကျသော မြေအနေအထားဆုံးရှုံးခြင်းသည် စိန်ခေါ်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။ အရပ်ဘက်နှင့်စစ်ဘက်သုံး သင်္ဘော ၂ မျိုးစလုံးသည် ရိက္ခာဖြည့်တင်းမည့်ဆိပ်ကမ်းကြီးများကြား ရှည်လျားသောခရီးကို ချီတက်သွားလာရန် လိုအပ်လာမည်ဖြစ်သည်။ အချို့သောမဟာဗျူဟာမြောက်လေယာဉ်ကွင်းများသည် အသုံးပြု၍မရနိုင်သောကြောင့် စစ်ဘက်ဂျက်လေယာဉ်သည် လေထဲတွင်ကြာရှည်စွာပျံသန်းရမည်ဖြစ်သည်။ အထူးသဖြင့် စစ်မက်ဖြစ်ပွားချိန်တွင် အန္တရာယ်ကြီးမားစွာဖြင့် လေထဲ၌ပင် ဆီဖြည့်သွားရမည်ဖြစ်သည်။

ရှေ့တန်းအခြေစိုက်စခန်းများတွင် တပ်စွဲထားသည့်တပ်ဖွဲ့များသည် သေးငယ်သောကျွန်းများသို့တည်းမဟုတ် သင်္ဘောပေါ်တွင်သာ နေရာချထားသွားရမည့်အလားအလာရှိသည့်အတွက် ရန်သူ့တပ်ဖွဲ့၏ ဒုံးကျည်တစ်စင်းတည်းဖြင့်ပင် တပ်ဖွဲ့တစ်ခုလုံးဆုံးရှုံးမှုဖြစ်ပေါ်နိုင်ပေသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖြန့်ဖြူးမှုကွင်းဆက်အပေါ်တွင် ဖိအားပိုမိုဖြစ်ပေါ်လာစေနိုင်ပေသည်။ အကျိုးဆက်အနေဖြင့် ဒေသတွင်းတင်းမာမှုများတိုးမြင့်ဖြစ်ပေါ်လာစေနိုင်သည်။ သာဓကအနေဖြင့် ၂၀၀၁ ခုနှစ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် အမျိုးသားလုံခြုံရေးအရ စားနပ်ရိက္ခာလုံခြုံမှုနှင့်ပတ်သက်၍ စတင်ပြောဆိုလာခဲ့သည်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် သမုဒ္ဒရာအပူချိန်မြင့်လာခြင်းတို့သည် ရေလုပ်သားများအပေါ် သက်ရောက်မှုဖြစ်ပေါ်လျက်ရှိသည်။ ငါးဖမ်းမှုများဆက်တိုက်မြင့်တက်လာခြင်းနှင့် အဏ္ဏဝါနီတိုက်သတ္တဝါများနေထိုင်ကျက်စားရာ ပရိုတင်းအများစုရှိနေသောနေရာများဆုံးရှုံးခြင်းသည် ပင်လယ်သမုဒ္ဒရာမှ ကမ္ဘာ့လူဦးရေ ၃ ဒသမ ၁ ဘီလီယံအပေါ် ကြီးမားလှသည့် ကပ်ဘေးကြီးဖြစ်ပွားလာနိုင်သည်။ လိုအပ်ချက်ရှိသော ရေထွက်ပစ္စည်းရရှိနိုင်မှုပမာဏသည် နှစ်ပေါင်း ၃၀ မှ ၈၀ ကျော်အတွင်းသာရရှိနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ငါးဖမ်းလုပ်ငန်းများကို ထိန်းချုပ်ထားရှိပြီးဖြစ်သည်။

၂၀၁၉ ခုနှစ်မှစ၍ ငါးဖမ်းမှုနှုန်းသည် ၁၀ ရာခိုင်နှုန်းမှ ၃၅ ဒသမ ၄ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ သတိပေးထားသည်။ ပစိဖိတ်ဒေသတွင်း တင်းမာမှုများမြင့်တက်လျက်ရှိသဖြင့် ငါးဖမ်းသမားများကြား ထိန်းချုပ်မရနိုင်သည့်အခြေအနေဖြစ်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ပစိဖိတ်ဒေသရှိ၎င်း၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်နေပြီဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မိတ်ဖက်နိုင်ငံများ၏ အကျိုးစီးပွားအတွက်သာမက အမေရိကန်၏ ကိုယ်ပိုင်လုံခြုံရေးအတွက်လည်း များစွာအရေးပါလျက်ရှိသည်။ အမေရိကန်အနေဖြင့် ပစိဖိတ်ဆိုင်ရာမူဝါဒများပြဋ္ဌာန်းလျက်ရှိသော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် အမေရိကန်၌ နိုင်ငံရေးဆိုင်ရာအထိအခိုက်မခံသောခေါင်းစဉ်အဖြစ် တည်ရှိလျက်ရှိသည်။ အစိမ်းရောင်ဖွံ့ဖြိုးမှုအတွက် နိုင်ငံရေးဆိုင်ရာ အဆင့်မြင့်ရင်းနှီးမြှုပ်နှံမှုများမရှိလျှင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် သက်ရောက်မှုများလျှော့ချနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်သွားနိုင်သည်။

မြေနိမ့်ကျွန်းများတွင် အောက်ခံမြေသားများစုပုံ၍ မြေထိန်းနံရံများကို ၄ မီတာအမြင့်ထိ တည်ဆောက်ပြီး ရေတိုက်စားမှုခံနိုင်ရေးအတွက် မြက်ခင်းများစိုက်ပျိုးထားရှိနိုင်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကုန်ကျစရိတ်ကြီးမားသော်လည်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်တွင် ကျွန်းတုများတည်ဆောက်ခြင်းအားဖြင့် ဖြစ်နိုင်ခြေရှိသည့်အရာများကို ဖော်ပြထားပြီးဖြစ်သည်။

ရာသီဥတုဒဏ်ခံနိုင်သော အခြေခံအဆောက်အအုံများနှင့် ငါးဖမ်းလုပ်ငန်းများသည် ပစိဖိတ်ကျွန်းနိုင်ငံများ သက်ရှိကြွင်းကျန်ရေးအတွက် များစွာအရေးပါလျက်ရှိသော်လည်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု လျှော့ချရေးလုပ်ငန်းစဉ်အတွက် အမေရိကန်တွင် နိုင်ငံရေးအရလက်တွေ့ကျကျဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် အလွန်နောက်ကျနေပြီဖြစ်သည်။ မည်သို့ပင်ဆိုစေ ပစိဖိတ်ကျွန်းနိုင်ငံများသည် စီးပွားရေးအပြင် လုံခြုံရေးအရ ဆွဲဆောင်မှုရှိနေသည့်အတွက် မဟာအင်အားကြီးနိုင်ငံများသည် အဆိုပါဒေသတွင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် လုံခြုံရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လာမည်မှာ အသေအချာပင်ဖြစ်ပေသည်။

❖ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် လျော့လာသွားရန် မကြာခဏပျက်ကွက်ခြင်းသည် အမေရိကန်နှင့်တရုတ်တို့၏ မဟာဗျူဟာမြောက်စွမ်းဆောင်ရည်များအပေါ် သက်ရောက်မှု ဖြစ်ပေါ်စေလျက်ရှိသည်။ မိတ်ဖက်နှင့် မဟာမိတ်နိုင်ငံများအပေါ် ခြိမ်းခြောက်မှုမှသည် လေယာဉ်အခြေစိုက်တပ်ဖွဲ့များ၊ စစ်သင်္ဘောများထိ သက်ရောက်မှုနှင့် ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည့် အင်ဒို-ပစိဖိတ်ဒေသရှိ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်သည် ဒေသတွင်း၌ဖြစ်ပေါ်လာနိုင်ခြေရှိသည့် မဟာအင်အားကြီးနိုင်ငံတို့၏ ပဋိပက္ခအပေါ် သက်ရောက်မှုများစွာ ရှိလာနိုင်သည်။ ❖

**ကိုးကား**

– Centering Climate Change in the China - US Competition By The Diplomat.

**မောင်စိန်အိ(နဘဲမြေ)**

## ရွှေသောင်ယံကမ်းခြေသို့ နိုဝင်ဘာလအတွင်း ခရီးသွားဦးရေ ၂၇၅၅၀ ထိ လာရောက်လည်ပတ်



**ပုသိမ် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ နိုဝင်ဘာလအတွင်းခရီးသွားဦးရေ ၂၇၅၅၀ ထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခရီးသွားဧည့်သည် ၁၉၅၅၅ ဦး ထိသာ လာရောက်လည်ပတ်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ခရီးသွားဦးရေ ၂၇၅၅၀ ထိ လာရောက်လည်ပတ်ခဲ့သည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွားအပန်းဖြေသူတွေများခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည် အယောက် ၂၇၅၅၀ ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ လာတဲ့ခရီးသွားတွေက နေ့ချင်းပြန်လာတဲ့ခရီးသွားတွေ များတယ်။ တန်ဆောင်တိုင် အကြိုကာလနဲ့ တန်ဆောင်မုန်းလပြည့်နေ့တွေမှာ လာတဲ့ ခရီးသွားတွေပိုများခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေပါ လာခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များအပါအဝင် ဟိုတယ်နှင့်တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့ လာသည့် ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးငှားလုပ်ငန်း၊ မော်တော်ဘုတ်ငှားလုပ်ငန်း၊ မြင်းငှားလုပ်ငန်းစသည့် လုပ်ငန်းများဖြင့်လည်း ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဖြူးမြို့နယ် ဒိုင်းတရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းတရာကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ဒိုင်းတရာကျေးရွာရှိ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ဖြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဒိုင်းတရာကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒိုင်းတရာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်မည့် အသင်းသား၊ အသင်းသူ ၉၇ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၃၃၇ ဧက စိုက်ပျိုးပြီးစီး

**ဖောင်းပြင် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၃၃၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် စားဖိုဆောင်သီးနှံ ၁၀၂၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဖောင်းပြင်မြို့နယ်မှာ စားဖိုဆောင်သီးနှံ ၁၀၂၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၃၃၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။



ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကြက်သွန်နီ ၂၃၇ ဧက၊ ကြက်သွန်ဖြူ ဧက ၂၁၀၊ နံနံ ၆၀၅ ဧက၊ အာလူး ၂၈၅ ဧက စုစုပေါင်း ၁၃၃၇ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကြက်သွန်နီ ၄၃၃ ဧက၊ ကြက်သွန်ဖြူ ၄၅၂ ဧက၊ နံနံ ဧက ၉၀၊ အာလူး ၄၈ ဧက စုစုပေါင်း ၁၀၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်း ရရှိအောင် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ GAP စိုက်နည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## မြဝတီမြို့နယ် ထီးကော်ထောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၂**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ထီးကော်ထောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထီးကော်ထောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာရင်းဇယားများစနစ်တကျပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထီးကော်ထောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၃၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅ ဒသမ ၉ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ဘိုဘို**



## တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဝါးခြမ်းကာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွှန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝါးခြမ်းကာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ကျေးရွာမှတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝါးခြမ်းကာကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွှန်းလျန်က ပြောပြ၍ သိရသည်။

**နှဲ့ယဉ်**

# လေထုညစ်ညမ်းမှုလျှော့ချရေး လျှပ်စစ်ယာဉ်များအသုံးပြုပေး

မေဇင်ထွန်း

လျှပ်စစ်ယာဉ်(EV)များသည် ၎င်းမောင်းနှင်ရန် လိုအပ်သောတွန်းကန်အားအတွက် လျှပ်စစ်မော်တာ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လျှပ်စစ်မော်တာများကို အသုံးပြုရသည်။ ၎င်းယာဉ်များသည် ရုပ်ကြွင်းလောင်စာများကို လောင်ကျွမ်းပြီး မောင်းနှင်ခြင်းမဟုတ်သည့်အတွက် ၎င်းတို့ကို အားသွင်းခြင်း သို့မဟုတ် စွမ်းအင်ပေးခြင်းများ ပြုလုပ်ပေးရသည်။ ထိုသို့ ပြုလုပ်ပေးရာတွင် ဘက်ထရီများ၊ ဆိုလာပြားများဖြင့်လည်း အားသွင်းခြင်း သို့မဟုတ် စွမ်းအင်ပေးခြင်းပြုလုပ်နိုင်သည်။ သို့မှသာ လျှပ်စစ်ယာဉ်များ ကားလမ်းနှင့် ရထားလမ်းများတွင် သွားလာနိုင်မည်ဖြစ်သည်။

ယခုအခါ လျှပ်စစ်သင်္ဘောများနှင့် လျှပ်စစ်ရေငုပ်သင်္ဘောများကိုလည်း တီထွင်ထုတ်လုပ်နေပြီဖြစ်သည့်အပြင် လျှပ်စစ်လေယာဉ်များနှင့် လျှပ်စစ်အာကာသယာဉ်များကိုလည်း တီထွင်စမ်းသပ်ထုတ်လုပ်နေပြီဖြစ်သည်။ လျှပ်စစ်ယာဉ်များတွင် လျှပ်စစ်ခရီးသည်တင်ကားများ၊ လျှပ်စစ်ဘတ်စ်ကားများ၊ လျှပ်စစ်ထရပ်ကားများ၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်များ၊ လျှပ်စစ်စက်ဘီးများနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ်များ ပါဝင်သည်။

၁၉ ရာစုနှောင်းပိုင်း ဒုတိယစက်မှုတော်လှန်ရေးတွင် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်နိုင်သော အစောပိုင်းလျှပ်စစ်ယာဉ်များ စတင်ပေါ်ပေါက်လာခဲ့ချိန် ခေတ်ပြိုင်ဓာတ်ဆီအင်ဂျင်ယာဉ်များလည်း အပြိုင် ပေါ်ပေါက်လာသည်။ ဓာတ်ဆီအင်ဂျင်ယာဉ်များကို အစပိုင်းက လောင်စာဆီဈေးနှုန်းမြင့်တက်မှု၊ တိတ်ဆိတ်ငြိမ်သက်မှုနှင့် သက်သောင့်သက်သာရှိမှုအပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်နိုင်သော ယာဉ်များကဲ့သို့ စိတ်တိုင်းကျနှစ်သက်ခြင်း မရှိခဲ့ကြသော်လည်း ဘက်ထရီနည်းပညာပိုင်းကို ကျွမ်းကျင်မှု မရှိခြင်းက ၂၀ ရာစုတစ်လျှောက်တွင် ကိုယ်ပိုင်လျှပ်စစ်ယာဉ်များ အသုံးပြုမှုကို အဟန့်အတားဖြစ်စေခဲ့သည်။

သို့သော်လည်း လျှပ်စစ်ယာဉ်များ၏ အတွင်းပိုင်းလောင်ကျွမ်းစေသည့် အင်ဂျင်များအတွက် လိုအပ်သော အားဖြည့်တွန်းကန်အား ဘက်ထရီများကို လျှပ်စစ်ယာဉ်များတွင် အသုံးပြုခြင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များ နှောင်းပိုင်း၌ ပိုမိုခေတ်စားလာခဲ့သည်။ သို့သော်လည်း လျှပ်စစ်မော်တာများ၏ အားနည်းချက်တချို့ကြောင့် လျှပ်စစ်ယာဉ်များသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ အမြောက်အမြားထုတ်လုပ်နိုင်ခြင်းမျိုး မရှိခဲ့သေးပေ။ ကိုဗစ်-၁၉ ကပ်ရောဂါဘေးဖြစ်ပွားသည့်အခါ လူသားတို့သည် ကျန်းမာရေးဆိုင်ရာ ထုတ်ပြန်ချက်များကြောင့် နေအိမ်များတွင်သာနေထိုင်ခြင်း၊ မလိုအပ်ဘဲအပြင်မထွက်ခြင်း၊ လုပ်ငန်းခွင်များတွင် လူအင်အား၏ တစ်ဝက်ခန့်သာ အလုပ်ဆင်းခြင်းတို့ကြောင့် ကမ္ဘာကြီး၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ ထိုအချိန်က များစွာလျော့ကျခဲ့သည်။ ထို့ကြောင့် စိမ်းလန်းသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လူထုစိတ်ဝင်စားမှုမြင့်တက်လာခြင်းနှင့်အတူ အသိပညာပေးမှုများနှင့်ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ မက်လုံးများက လျှပ်စစ်ယာဉ်ဈေးကွက်ကို တိုးမြင့်လာစေခြင်းဖြစ်သည်။

လျှပ်စစ်ယာဉ်များသည် ရာသီဥတုရည်မှန်းချက်များပြည့်မီရန် တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးသည့်အတွက် နိုင်ငံအသီးသီး၏ အစိုးရများကို ပိုမိုလုပ်ဆောင်သင့်သည်ဟု နိုင်ငံတကာစွမ်းအင်အေဂျင်စီက တိုက်တွန်းခဲ့သည်။ လျှပ်စစ်ယာဉ်များ တိုးမြင့်ထုတ်လုပ်လာသည့်အတွက်ကြောင့် လျှပ်စစ်ယာဉ်များရောင်းအားသည် ၂၀၁၆ ခုနှစ်တွင် ရောင်းချရသည့်ယာဉ်အားလုံး၏စုစုပေါင်း ၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ရောင်းချရသည့်ယာဉ်အားလုံး၏စုစုပေါင်း ၅ ရာခိုင်နှုန်းအောက်ထိရှိလာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ယာဉ်ရောင်းအားသည် ရောင်းချရသည့် ယာဉ်အားလုံး၏ စုစုပေါင်း ၉ ရာခိုင်နှုန်းထိ ရောင်းအားတက်လာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ရောင်းချရသည့်ယာဉ်အားလုံး၏ စုစုပေါင်း ၁၄ ရာခိုင်နှုန်းမှသည် ၂၀၃၀ ပြည့်နှစ်တွင် ၃၅ ရာခိုင်နှုန်းကျော်ထိ တိုးမြှင့်ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



၂၀၂၂ ခုနှစ် ဇူလိုင်လထိ ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ယာဉ်များဈေးကွက်၏ ရောင်းအားတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၈၀ ဘီလီယံရှိပြီး ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံထိ တိုးမြင့်လာမည်ဟု နိုင်ငံတကာစွမ်းအင်အေဂျင်စီက ခန့်မှန်းထားသည်။ ထို့ကြောင့် မြောက်အမေရိက၊ ဥရောပနှင့် တရုတ်နိုင်ငံတို့၏ ဈေးကွက်များတွင် လျှပ်စစ်ယာဉ်များ၏ရောင်းအားများ တိုးတက်လာရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လေးဘီးတပ်လျှပ်စစ်ယာဉ်များ အသုံးပြုခြင်းထက် သုံးဘီးတပ်လျှပ်စစ်ယာဉ်များအသုံးပြုမှုသည် ပိုမိုတွင်ကျယ်လာခဲ့သည်။

ပထမဆုံး အမြောက်အမြားထုတ်လုပ်သော လျှပ်စစ်ယာဉ်များသည် ၁၉၀၀ ပြည့်နှစ်အစောပိုင်းတွင် အမေရိကန်၌ ပေါ်လာခဲ့သည်။ ၁၉၀၂ ခုနှစ်တွင် အမေရိကန်အခြေစိုက် Studebaker Automobile ကုမ္ပဏီသည် လျှပ်စစ်ယာဉ်များဖြင့် မော်တော်ယာဉ်လုပ်ငန်းကို ဝင်ရောက်ခဲ့သည်။ ယာဉ်အသုံးပြုသူများသည် ဓာတ်ဆီသုံးယာဉ်များကို အစပိုင်းက နှစ်သက်ခြင်းမရှိခဲ့ကြသော်လည်း နောက်ပိုင်းတွင် အသုံးပြုရလွယ်ကူကာ ရုပ်ကြွင်းလောင်စာများထည့်ပြီး မိမိလိုရာ ခရီးအကွာအဝေးသို့ အလွယ်တကူသွားနိုင်သောကြောင့် ဓာတ်ဆီသုံးယာဉ်များကို လျှပ်စစ်ယာဉ်များထက် ပိုမိုကြိုက်နှစ်သက်ခဲ့ကြသည်။ ဤသို့ဖြင့် ဓာတ်ဆီသုံးယာဉ်များကြောင့် လေထုညစ်ညမ်းမှုများ တစ်စတစ်စ မြင့်တက်လာပါတော့သည်။ အမေရိကန်အခြေစိုက် Ford Motor ကုမ္ပဏီသည် ၁၉၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၎င်းကုမ္ပဏီမှထွက်သော ဈေးသက်သာသည့် ဓာတ်ဆီသုံးယာဉ်များကြောင့်လည်း လျှပ်စစ်ယာဉ်များ၏ လူကြိုက်များမှုမှာ သိသိသာသာကျဆင်းသွားသည်။

နောက်ထပ် လျှပ်စစ်ယာဉ်များ၏ လူကြိုက်နည်းလာရခြင်းအကြောင်းတရားများမှာ အားသွင်းရန်အတွက် လျှပ်စစ်ဓာတ်အားလိုင်းများ အလွယ်တကူမရှိခြင်းနှင့် ထိုအချိန်က အားသိုလှောင်မှုဘက်ထရီများ၏ ခရီးအကွာအဝေး ကန့်သတ်ချက်များကြောင့် လျှပ်စစ်ယာဉ်များသည် ကောင်းစွာရေပန်းစားမှုမရရှိခဲ့ဘဲ ရပ်တန့်သွားခဲ့ရသည်။ သို့သော်လည်း လျှပ်စစ်ရထားများကမူ စီးပွားရေးဆိုင်ရာအမြတ်များနှင့် အမြန်နှုန်းများကြောင့် ကြီးမားသော ရေပန်းစားမှုကိုရရှိခဲ့သည်။ ၂၀ ရာစုတွင် လျှပ်စစ်စက်ခေါင်းများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လျှပ်စစ်မီးရထား သယ်ယူပို့ဆောင်ရေး၌ အသုံးပြုမှု တွင်ကျယ်လာခဲ့ပြီး ၂၀ ရာစုများ၌ ဗြိတိန်နိုင်ငံသည် ကမ္ဘာပေါ်တွင် လျှပ်စစ်မီးရထား အသုံးပြုမှု အများဆုံးနိုင်ငံဖြစ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် လူသားတို့၏ လုပ်ဆောင်မှုကြောင့် ထွက်ရှိလာသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့် ရာသီဥတုပြောင်းလဲမှုများကိုလျှော့ချနိုင်ရေးအတွက် ကိုပင်ဟေဂင်ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုထိပ်သီးအစည်းအဝေးအတွင်း နိုင်ငံပေါင်း ၇၀ ကျော်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အသားတင် သုညသို့ရောက်ရှိရန် အစီအစဉ်များကိုချမှတ်ခဲ့ကြကာ နိုင်ငံများစွာအတွက် လျှပ်စစ်ယာဉ်များ ပိုမိုအသုံးပြုခြင်းသည် ရုပ်ကြွင်းလောင်စာဖြစ်သော ဓာတ်ဆီအသုံးပြုမှုကို လျှော့ချပြီး လေထုညစ်ညမ်းမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

လျှပ်စစ်ယာဉ်များအသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုနှင့် လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ခြင်းသည် လူသားများ၏ စိတ်ဝင်စားမှုကို မြင့်တက်စေပြီး လျှပ်စစ်ယာဉ်များက သဘာဝပတ်ဝန်းကျင်အတွက် ပိုကောင်းကြောင်းကိုလည်း သုတေသနပြုထားသည့် အချက်အလက်များအရ သိရသည်။ လျှပ်စစ်ယာဉ်များသည် ဓာတ်ဆီ သို့မဟုတ် ဒီဇယ် အသုံးပြုယာဉ်များထက် အသုံးပြုစဉ်ကာလတစ်လျှောက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် လေထုညစ်ညမ်းမှုဖြစ်စေခြင်းကို နည်းပါးစေသည့်အပြင် လျှပ်စစ်ယာဉ်များ၏နောက်ထပ်အကျိုးကျေးဇူးမှာ မြို့တွင်းလေထုအရည်အသွေးမြင့်တင်ရေးအတွက် အထောက်အပံ့ဖြစ်မှုပင်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာမသုံးသည့်အတွက် လျှပ်စစ်ယာဉ်များသည် မောင်းသည့်အခါတွင် အိတ်ဇောပိုက်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသဖြင့် လျှပ်စစ်ယာဉ်များသည် သန့်ရှင်းသော လေထုကို ပေးစွမ်းနိုင်သည်။ တစ်နှစ်တာကာလအတွင်း ဓာတ်ဆီသုံးယာဉ်တစ်စီးအစား လျှပ်စစ်ယာဉ်တစ်စီး အသုံးပြုခြင်းက ပျမ်းမျှကာဗွန်ဂရမ် ၁ ဒသမ ၅ သန်းကို လျှော့ချပေးနိုင်ပြီး ထိုပမာဏသည် လန်ဒန်မြို့မှ ဘာစီလိုနာမြို့သို့ အသွား၊ အပြန် လေယာဉ်လေးစင်းက အသုံးပြုလိုက်သည့် ရုပ်ကြွင်းလောင်စာဆီပမာဏနှင့် ညီမျှသည်။

လန်ဒန်မြို့တော်ဝန်၏အဆိုအရ လမ်းပန်းဆက်သွယ်ရေးသည် မြို့တော်၏ လေထုညစ်ညမ်းမှုထက်ဝက်ခန့်ကို ဖြစ်စေသည့်အတွက် ယူနိုက်တက်ကင်းဒမ်းအစိုးရနှင့် ဒေသဆိုင်ရာကောင်စီများသည် လမ်းများပေါ်တွင် လျှပ်စစ်ယာဉ်အရေအတွက်ကို အရှိန်မြှင့်သုံးစွဲစေလိုသည်မှာ အံ့ဩစရာမဟုတ်ပေ။ ယူနိုက်တက်ကင်းဒမ်းအစိုးရသည် ဓာတ်ဆီနှင့် ဒီဇယ်သုံးယာဉ်များကို ၂၀၄၀ ပြည့်နှစ်တွင် ရောင်းချခြင်းပိတ်ပင်မည်ဟု ရည်မှန်းထားသည်။ လျှပ်စစ်ယာဉ်များသည် သမားရိုးကျယာဉ်များထက် အဆပေါင်းများစွာ တိတ်ဆိတ်နေသောကြောင့် လျှပ်စစ်ယာဉ်မောင်းနှင်ခြင်းသည် ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုအေးချမ်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သဖြင့် ဆူညံသံညစ်ညမ်းမှုကိုလည်း လျှော့ချရာတွင် ကူညီပေးနိုင်သည်။

လျှပ်စစ်ယာဉ်များတွင်သုံးသည့် ဘက်ထရီအတွက် လိုအပ်သော သတ္တုတူးဖော်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာများဖြစ်စေခြင်းသည် လူသားတို့ကို ပူပန်မှုများ အမှန်တကယ်ဖြစ်စေသည့်အတွက် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းရန်မှာ လိုအပ်ပါသည်။ သို့သော်လည်း အလတ်စားလျှပ်စစ်ယာဉ်တစ်စီးသည် ၎င်းကိုမောင်းနှင်သည့် သက်တမ်းတစ်လျှောက် ဓာတ်ငွေ့သုံးယာဉ်ထက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၆၀ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်။

လျှပ်စစ်ယာဉ်များ ထုတ်လုပ်ရာတွင် စွမ်းအင်များစွာကိုအသုံးပြုရပြီး လျှပ်စစ်ယာဉ်ထုတ်လုပ်စဉ်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် သမားရိုးကျယာဉ်များထက် ပိုများသည်။ ထိုသို့ဖြစ်ရခြင်းမှာ လျှပ်စစ်ယာဉ်တစ်စီး၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လစ်သီယမ်-အိုင်းယွန်း ဘက်ထရီများ ထုတ်လုပ်ခြင်းကြောင့်ဖြစ်သည်။ လျှပ်စစ်ယာဉ်တစ်စီးသက်တမ်းတစ်လျှောက် ထုတ်လွှတ်သော ကာဗွန်၏ သုံးပုံတစ်ပုံကျော်သည် ယာဉ်ပြုလုပ်ရာတွင် အသုံးပြုရသည့်စွမ်းအင်မှ ထွက်ခြင်းဖြစ်သည်။ ထို့ကြောင့် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ပိုမိုထိရောက်သော ထုတ်လုပ်မှုနည်းပညာများဖြင့် ပိုမိုကောင်းမွန်အောင် ပြောင်းလဲလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ လျှပ်စစ်ယာဉ်များသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်ပြီး ကျွန်ုပ်တို့ရှူရှိုက်သည့်လေကို သန့်စင်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ရေးသားအပ်ပါသည်။

**How do electric vehicles help the environment? ကို ဘာသာပြန်ဆိုထားပါသည်။**

# ချစ်စရာ့အရွယ် စာဖတ်မယ်


ကလေး
စာပေကဏ္ဍ

## ကြွားဝါစိတ်လေး ဖျောက်စေချင်

သားတို့၊ သမီးတို့ရေ မင်္ဂလာပါ။ ဒီကနေ့ သားတို့ သမီးတို့ကို ပြောပြမဲ့ပုံပြင်လေးကတော့ မောင်ပိုလို့ခေါ်တဲ့ ကြွားဝါတတ်တဲ့ လူငယ်လေးတစ်ယောက်အကြောင်းပဲဖြစ်ပါတယ်။

တစ်ခါတုန်းက ကျေးရွာလေးတစ်ရွာရဲ့ မူလတန်းကျောင်းတစ်ခုမှာ ပညာသင်ယူနေတဲ့ မောင်ပိုဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိသတဲ့။ သူဟာ လူတွေက သူ့ကို အမြဲတမ်းအထင်ကြီးစေချင်ခဲ့တယ်။ ဒါကြောင့် သူငယ်ချင်းတွေအားလုံးက အထင်ကြီးအားကျစေဖို့ အမြဲတမ်းကြွားဝါတတ်သတဲ့။ "ငါ့အဖေက မွေးနေ့ကျရင် ရိုမုန့်ဖြိုင်ကားကြီး လက်ဆောင်ပေးမှာတဲ့။ မင်းတို့ဆော့ချင်ရင်လဲ ငါပေးဆော့ပါ့မယ်ကွာ"လို့ သူငယ်ချင်းတွေကို ကြွားဝါထားသတဲ့။ ဒီလိုနဲ့ သူ့မွေးနေ့ကျော်လာတော့ သူငယ်ချင်းတွေက မောင်ပိုရဲ့ဖြိုင်ကားအရုပ်ကို မမြင်ကြတော့ သိချင်လာလို့ မေးမြန်းကြတာပေါ့ကွယ်။ "မောင်ပိုရေ၊ မင်းဖြိုင်ကားအရုပ်က ဘယ်မှာလဲ။ မင်းရဲ့အဖေက မဝယ်ပေးဘူးလား။ ဝယ်ပေးရင်လဲ ငါတို့ကိုပြပါအုံး"လို့ မေးမြန်းကြသတဲ့။ အဲဒီအခါ မောင်ပိုလဲ ကြံဖန်အဖြေရှာရတာပေါ့ကွယ်။ "ငါ့အမေက ဈေးကြီးလို့ သေတ္တာထဲမှာသိမ်းထားတယ်ကွ။ ညကျမှပဲ ဆော့ခိုင်းလို့ပါကွာ။ မင်းတို့ကိုပေးမကိုင်တဲ့အတွက် တစ်မျိုးမထင်ပါနဲ့နော်"ဆိုပြီး ဆင်ခြေပေးရတာပေါ့ကွယ်။

တစ်ခါကလဲ ကလေးသဘာဝ သူတို့ နေ့လယ်က စားခဲ့တဲ့ဟင်းတွေကို အပြိုင်အဆိုင်ပြောကြရာဝယ် မောင်ပိုကလဲ အားကျမခံပြိုင်ပြောလေသတဲ့။ "မင်းတို့ဟင်းတွေက ကောင်းတော့ကောင်းပါတယ်ကွာ။ ဒါပေမဲ့ ငါ့အိမ်ကဟင်းလောက်တော့မမိုက်ဘူး။ ငါတို့အိမ်က ဒီနေ့ ထမင်းမချက်ဘူးကွ။ တစ်နေကုန် ခေါက်ဆွဲကြော်စားမှာ"ဆိုပြီး ကြွားဝါလေသတဲ့။ အဲဒီနေ့က သူနဲ့အိမ်နီးချင်းဖြစ်တဲ့ သူငယ်ချင်း မောင်အေးက ညနေမှာ သူတို့အိမ်ကို အလည်လာခဲ့တယ်။ နောက်နေ့ ကျောင်းကိုရောက်တဲ့အခါ မောင်အေးက "သူငယ်ချင်းမောင်ပိုရေ၊ မင်းမနေ့က လက်ဖက်သုပ်နဲ့ ထမင်းစားနေတာ ငါတွေ့ခဲ့တယ်။ မင်းပြောသလို ခေါက်ဆွဲကြော်လဲမဟုတ်ပါ့လား"လို့ ပြောလေသတဲ့။ ဒါပေမဲ့ မောင်ပိုဟာ အရှက်ကွဲမှာကို မလိုလားတဲ့အတွက် "ငါ မနက်က ခေါက်ဆွဲကြော်စားတာများပြီး အီလည်လည်ဖြစ်နေလို့ ညနေခင်းပိုင်းမှာ လက်ဖက်သုပ်နဲ့ပဲ စားလိုက်တာ"လို့ ထပ်မံလိမ်ညာပြန်သတဲ့။



သူငယ်ချင်းတွေကိုကြွားဝါဖို့ အမြဲတမ်းကြံဆနေတတ်တဲ့မောင်ပိုဟာ ကျောင်းစာကို အပြည့်အဝအာရုံ မစိုက်နိုင်တော့ဘူးပေါ့ကွယ်။ ဒါပေမဲ့ "ငါက အိမ်စာတွေအကုန်ရပြီးသား။ ညတုန်းက စာအုပ်ထဲမှာတောင် အလွတ်ချရေးခဲ့သေးတယ်"လို့ လေလုံးထွားတတ်သတဲ့။ တကယ်စာမေးလို့မရရင်လဲ "မေ့သွားလို့ကွာ။ ညကတောင် အလွတ်ရေးသေးတာကိုကွာ"လို့ အရှက်ပြေပြောတတ်သေးတယ်။ ဒီလိုနဲ့ မောင်ပိုဟာ စာမေးပွဲတွေတိုင်းကို သာမန်အဆင့်နဲ့ပဲ အောင်မြင်ခဲ့တယ်။

ဆဋ္ဌမတန်းရောက်တော့ မောင်ပိုဟာ မြို့ပေါ်ရှိ အထက်တန်းကျောင်းကို ပြောင်းရွှေ့တက်ရောက်ခဲ့ရတယ်။ သူ့ရွာက သူငယ်ချင်းတွေဟာလဲ ကျောင်းထွက်သွားတဲ့သူတွေနဲ့၊ ကျောင်းမတူတဲ့သူတွေနဲ့ဆိုတော့ အတန်းထဲမှာ မောင်ပိုတစ်ယောက်တည်းဖြစ်နေသတဲ့။ အဲဒီအခါ အကြောင်းမသိတဲ့ သူငယ်ချင်းတွေများလာလို့ မောင်ပိုဟာပိုပြီးအကြွားသန်လာခဲ့တယ်။ "ငါတို့အိမ်က နှစ်ထပ်တိုက်ကြီး၊ ကားကလဲနှစ်စီးရှိတယ်။ ငါ့အဘိုးကလဲ ရွာမှာအချမ်းသာဆုံးကွ"လို့ ရဲတင်းစွာ ကြွားဝါလေသတဲ့။

တစ်နေ့မှာတော့ မောင်ပိုရဲ့အဘိုးဟာ လူကြီးရောဂါနဲ့ ဆုံးပါးသွားလေသတဲ့။ အဲဒီအခါ မောင်ပိုလဲ ကျောင်းပျက်ရတာပေါ့ကွယ်။ ဒီလိုနဲ့ ကျောင်းနှစ်ရက်မလာတဲ့မောင်ပိုကို သူငယ်ချင်းတွေဟာ စိတ်ပူလာကြတယ်။ ဒါကြောင့် အတန်းပိုင်ဆရာမဆီကို အကျိုးအကြောင်း သွားမေးကြတာပေါ့။ အကြောင်းစုံသိရတော့ သူငယ်ချင်းတွေဟာ ညနေကျောင်းဆင်းချိန်မှာ မောင်ပို့အိမ်ကို မေးမြန်းစုံစမ်းပြီး လိုက်လာကြသတဲ့။ မမျှော်လင့်ဘဲ သူငယ်ချင်းတွေကို တွေ့လိုက်ရတဲ့ မောင်ပိုဟာ "ငါ့ရဲ့လိမ်ညာကြွားဝါထားတဲ့ အဖြစ်မှန်တွေကို သူတို့သိသွားကြပြီ။ ငါ့ကို လှောင်ရယ်ကြတော့မှာပဲ။ ငါ့ကို အပေါင်းအသင်းလုပ်တော့မှာမဟုတ်လောက်တော့ဘူး"လို့ စိုးရိမ်နေသတဲ့။ သူငယ်ချင်းတွေကိုလဲ ထွက်မတွေ့ရဲဘူးပေါ့ကွယ်။

ဒါပေမဲ့ အဖြစ်မှန်ကိုသိရှိသွားတဲ့ သူငယ်ချင်းတွေဟာ မောင်ပိုကို ပိုမိုသနားသွားကြတယ်။ မောင်ပိုဟာ သူ့ရဲ့ချို့တဲ့အဆင်မပြေမှုတွေကို ဖုံးကွယ်ချင်လို့ ကြွားဝါခဲ့တယ်ဆိုတာ နားလည်ခဲ့ကြတယ်။ "သူငယ်ချင်းရေ၊ မင်းဟာ ဘယ်လိုပဲဖြစ်နေပါစေ ငါတို့အားလုံးရဲ့သူငယ်ချင်းပါ။ အမှန်တိုင်းပြောတာဟာ ရှက်စရာမဟုတ်ဘူး သူငယ်ချင်း။ ကိုယ့်သူငယ်ချင်းတွေအပေါ် လိမ်ညာကြွားဝါတာကသာ ရှက်စရာပါ"လို့ နှစ်သိမ့်ဖျောင်းဖျကြသတဲ့။ မောင်ပိုလဲ နောင်တကြီးစွာရပြီး "နောက်ဆို လူတွေအထင်ကြီးလာအောင် မကြွားဝါတော့ပါဘူး သူငယ်ချင်းတို့ရာ။ ငါကတိပေးပါတယ်ကွာ"လို့ ပြောလေသတဲ့။

ဒါကြောင့် သားတို့၊ သမီးတို့ဟာလဲ ကိုယ့်ကိုသူတစ်ပါးအထင်ကြီးလာစေဖို့ ကြွားဝါမပြောဆိုရဘူးနော်။ ကိုယ့်ရဲ့ချစ်ရသူတွေ၊ သူငယ်ချင်းတွေအပေါ်မှာ ကြွားဝါပြောဆိုထားပြီး အဖြစ်မှန်ကိုသိသွားရင် အရှက်တကွဲအကျိုးနည်းပြီး နောင်တရနေလိမ့်မယ်။ နောင်တစ်ချိန်မှာ နောင်တမရစေဖို့ ဟုတ်တိုင်းဆိုပြီး မှန်တိုင်းပြောကြပါနော်။ သားတို့၊ သမီးတို့လဲ ရိုးသားကြိုးစားပြီး ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလေးတွေ ဖြစ်ကြပါစေကွယ်။

**ကိုးကိုး(ကူမဲ)**

## ဆည်းလည်းလေး

♦ ကလေးငယ်ငယ် ချစ်စဖွယ်
စကားကြွယ်လှတယ်၊
ပြုံးချိုပါတယ် မျက်နှာထား
မြင်သူချစ်စိတ်ပွား။

♦ ဖေမေများရဲ့ ရတနာ
ချစ်လို့မဝပါ၊
သီတာပမာ ရွှေရင်အေး
ဘိုးဘွားသက်ရှည်ဆေး။
အိမ်ရဲ့ဆည်းလည်းလေး။ ။

**တေးရတု(ညောင်လေးပင်)**



## ရွာအဝင်ရှုမျှော်ခင်း

♦ ရွာဝင်လမ်းလေး ထူးသာယာ
ရှုမျှော်ခင်းစုံစွာ၊
စပါးဝင်းဝါ ရေဖွေးဖွေး
ကောက်စိုက်ပျိုမေတေး။

♦ လွမ်းမောငေးရ ကုန်းမို့ဆီ
သပ္ပာယ်ထုံးစေတီ၊
တမာတန်းစီ မူးမြစ်ချောင်း
စိမ်းစိုလှပကြောင်း။

♦ ကောင်းမှုပြုထား ရေချမ်းစင်
သစ်ဝါးရိပ်အောက်တွင်၊
ခင်ခင်မင်မင် ကြိုဆိုတတ်
ဆိုင်းဘုတ်လေးမတ်တတ်၊
ကျေးရွာရဲ့ဂုဏ်ဒြပ်။ ။



**ဇေတ်သစ်(ကြွေပုဂံ)**

# ရန်ကုန်-ဒလ မြစ်ကူးတံတားကို ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်နေ



**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်-ဒလ မြစ်ကူးတံတားကို ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

ရန်ကုန်-ဒလ မြစ်ကူးတံတားသည် အရှည် ၁၈၆၈ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာ၊ လေးလမ်းသွား တံတားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းတံတားအဖြစ် တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ တံတား၏ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အရှည်ဆုံး မြစ်ကူးတံတားများထဲမှ တံတားတစ်စင်းဖြစ်ကာ အကြီးဆုံးတံတားတစ်စင်းလည်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ဒလမြစ်ကူးတံတားကို တန်ချိန် ၁၅၀၀၀ ရှိ နိုင်ငံတကာ ကုန်တင်သင်္ဘောကြီးများ တံတားအောက်မှ ဖြတ်သန်းမောင်းနှင်နိုင်ရေးအတွက် အမြင့် ၄၉ မီတာဖြင့် တည်ဆောက်ထားကြောင်း၊ အဆိုပါတံတား၏ တစ်ဖက်တစ်ချက်တွင် လေးမီတာအကျယ်ရှိ လူသွားလမ်းများပါရှိပြီး ရန်ကုန်ဘက်ခြမ်းတွင် ဘုန်းကြီးလမ်းအတိုင်း နှစ်လမ်းသွားတံတားတစ်စင်း၊ ရန်ကုန်မြို့တွင်း ဆူးလေဘုရားသို့ တစ်လမ်းမောင်းတံတားတစ်စင်း၊ ကမ်းနားလမ်းအတိုင်း အလုံမြို့နယ်သို့ တစ်လမ်းမောင်း တံတားတစ်စင်း စုစုပေါင်းတံတားသုံးစင်း တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-ဒလမြစ်ကူးတံတားစီမံကိန်းကို ကိုရီးယား-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကိုရီးယားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုရန်ပုံငွေနှင့် နိုင်ငံတော်ဘတ်ဂျက်ငွေအပါအဝင် စုစုပေါင်းခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၆၈ သန်းကျော်ဖြင့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ရန်ကုန်-ဒလ မြစ်ကူးတံတားကို ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ပေးနိုင်ရေး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ SKL

# မကွေးမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မကွေးမြို့ရှိ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ကုန်ထုတ်လမ်းတံတား တည်ဆောက်ရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ Smart Village စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ကျေးလက်လူမှုစီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက မိမိတို့ ခရိုင်၊ မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဦးစီးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မကုန်မီ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးနှင့် ခရိုင်ခုနစ်ခရိုင်၊ မြို့နယ် ၂၅ မြို့နယ်မှ ဦးစီးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀






လုကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## မြင်းခြံမြို့နယ်သမဝါယမအသင်းစုလီမိတက်

မှတ်ပုံတင်အမှတ်-၃၉၃၂/မနစ/မြင်းခြံ(၁-၉-၂၀၀၉)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့

# "အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း"

၁။ မြင်းခြံမြို့၊ မြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ ကွင်းအမှတ်(၂၂၂) (သစ်ပင်ရှည်ကွင်း)၊ ဦးပိုင်အမှတ်(၉)နေရာ၊ မြေဧရိယာ(၁၇. ၈၃)ဧကအား (၃၀-ခ)အခြားနည်း မြင်းခြံမြို့နယ်သမဝါယမအသင်းစုပိုင်မြေနေရာအဖြစ် အသင်းအမည်ပေါက် လျှောက်ထားဆဲဖြစ်ပြီး ယင်းယာမြေ မြေဧရိယာအား အပိုင်း(၁) Lot-A (၇. ၈၂)ဧက၊ အပိုင်း(၂) Lot-B (၁၀. ၀၁)ဧကတို့အား နှစ်ပိုင်းခွဲခြား၍ ထုခွဲရောင်းချမည်ဖြစ်သဖြင့် အိတ်ပိတ်လေလံတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

**တင်သွင်းရမည့်စပေါ်ငွေ(ကျပ်)**
**အပိုင်း (၁ ပိုင်းလျှင် ကျပ်သိန်း (၁၅၀၀))**

| **အပိုင်း(၁)Lot-A** | **အပိုင်း(၂)Lot-B** |
| --- | --- |
| ဦးပိုင်အမှတ်(၂၄)ဧရိယာ-၄. ၁၃ဧက | ဦးပိုင်အမှတ်(၂၆က)ဧရိယာ-၀. ၄၉ဧက |
| ဦးပိုင်အမှတ်(၃၀)ဧရိယာ-၃. ၃၈ဧက | ဦးပိုင်အမှတ်(၂၉က)ဧရိယာ-၃. ၇၆ဧက |
| ဦးပိုင်အမှတ်(၃၁)ဧရိယာ-၁. ၂၆ဧက | ဦးပိုင်အမှတ်(၃၆က)ဧရိယာ-၁. ၀၉ဧက |
| ဦးပိုင်အမှတ်(၃၂)ဧရိယာ-၂. ၀၂ဧက | ဦးပိုင်အမှတ်(၃၈က)ဧရိယာ-၀. ၄၀ဧက |
| ဦးပိုင်အမှတ်(၃၅)ဧရိယာ-၁. ၃၀ဧက | ဦးပိုင်အမှတ်(၂၄)ဧရိယာ-၄. ၁၃ဧက |
| စုစုပေါင်း = (၇. ၈၂)ဧက | ဦးပိုင်အမှတ်(၃၀)ဧရိယာ-၃. ၃၈ဧက |
| | ဦးပိုင်အမှတ်(၃၅)ဧရိယာ-၁. ၃၀ဧက |
| | စုစုပေါင်း = (၁၀. ၀၁)ဧက |

**စုစုပေါင်းဧရိယာ(၁၇.၈၃)ဧက**

၂။ တင်ဒါပုံစံရောင်းချမည့် ရက်စွဲနှင့်အချိန် (ရုံးချိန်အတွင်း) - (၅-၁၂-၂၀၂၃) (အင်္ဂါနေ့)မှ (၁၁-၁၂-၂၀၂၃) (တနင်္လာနေ့) မွန်းတည့် (၁၂:၀၀)နာရီထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြို့နယ်သမဝါယမအသင်းစုရုံး
၄။ တင်ဒါ(၁)စောင် - (၂၀၀၀၀ိ/-) (ကျပ်နှစ်သောင်းတိတိ)
၅။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်စွဲနှင့်အချိန် - (၁၁-၁၂-၂၀၂၃) (တနင်္လာနေ့) ညနေ (၁၆:၀၀)နာရီအထိ
၆။ တင်ဒါဖွင့်လှစ်မည့်ရက်စွဲနှင့်အချိန် - (၁၂-၁၂-၂၀၂၃) (အင်္ဂါနေ့) (၁၀:၀၀)နာရီ
၇။ တင်ဒါတင်သွင်းသူသည် စပေါ်ငွေကျပ်သိန်း (၁၅၀၀)ကို သတ်မှတ်ထားသော မြင်းခြံမြို့၊ CB Bank ရှိ ငွေစာရင်းအမှတ်(006510090000035) သို့ ပေးသွင်းရမည်။
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း၊ ၀၆၆-၂၀၂၁၁၃၄၊ ၀၆၆-၂၀၂၁၀၅၈၊ ၀၉-၉၇၀၃၅၄၉၅၇၊ ၀၉-၂၅၂၄၂၉၃၂၅၊ ၀၉-၂၅၀၁၀၂၄၃၁ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ပိတ်လေလံရောင်းချရေးကော်မတီ**
**မြို့နယ်သမဝါယမအသင်းစု၊ မြင်းခြံမြို့**


MK မော်ကွန်း အသည်းနှင့်ကင်ဆာအမျိုးမျိုးအထူးကုဆေးခန်း
ပ-၅/၆၈၊ ၄၂×၄၃လမ်းကြား၊ ၆၁(A)လမ်း၊ မဟာမြိုင်(၂)မန္တလေး။

လူကြီးမင်းတို့ခံစားနေရသော အသည်းရောင်၊ အသည်းခြောက်၊ ရေဖျဉ်း အသည်းကင်ဆာ ရောဂါများနှင့် အခြားကင်ဆာ အမျိုးမျိုးတို့ကို သင့်တင့်သော ဈေးနှုန်းများဖြင့် စနစ်တကျ ကုသမှုပေးနေပါသည်။

ဆေးခန်းဖွင့်ချိန်။ ။နံနက်(၉:၀၀)မှ (၁၂:၀၀)နာရီထိ။
မှတ်ချက်။ ။ ၀၉-၄၀၂၅၁၀၄၄၂ သို့ကြိုတင်ဆက်သွယ် ရက်ချိန်း ရယူပါ။
☆ သံဃာတော်များ၊ သီလရှင်များ၊ အငြိမ်းစားဝန်ထမ်းများကို အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးပါသည်။
ဓာတ်ခွဲစစ်ဆေးချက် မှတ်တမ်းများအပြည့်အစုံ ယူလာရပါမည်။


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြတ်စေတနာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade-9 မှ မတင်ထွေးနုအောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်မောင်ဌေး ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ဌေး (၉/မသန(နိုင်)၁၀၃၃၀၅)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီ အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

❖ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်...
❖ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ရှိ...
❖ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့်ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လို...
❖ မိမိအထက်အရာရှိများ၏တာဝန်ထမ်းဆောင်မှုနှင့်မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို နားလည်မှုရှိရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့်အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အားကောင်းသောမုန်တိုင်းငယ် နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်




**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၄၅ မိုင်ခန့်၊ဟိုင်းကြီးကျွန်းမြို့၏အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၃၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၉၀ ခန့်၊ ချင်းနိုင်မြို့၏အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၀၀ ခန့်၊ နီလိုရီမြို့၏အရှေ့တောင်ဘက်

စာမျက်နှာ ၁၇ ကော်လံ ၄☆



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

စာမျက်နှာ - ၂၁

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

စာမျက်နှာ - ၂၁

**၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်းပါး**

စာမျက်နှာ - ၁၀

**မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရခိုင်ယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ**

စာမျက်နှာ - ၉



**ထူးခြားသည့် ညအပူချိန်**
**၂-၁၂-၂၀၂၃**

| | | |
|---|---|---|
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၉ | ဒီဂရီစင်တီဂရိတ် |
| တွန်းခံ | ၁၀ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၁၁ | ဒီဂရီစင်တီဂရိတ် |